မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၁၆ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၂၃)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦးဥက္ကဋ္ဌ H. E. Mr. Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ ဗဟိုအတွင်းရေးမှူး ဦးကျော်ဆန်း၊ *စာမျက်နှာ ၃ ကော်လံ ၁* *

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦးဥက္ကဋ္ဌ H. E. Mr. Huynh Dam အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr.Dipu Moni ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)** *စာမျက်နှာ ၃ ကော်လံ ၁* ●

16-5 (01).pmd 1 5/16/2009, 3:02 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၁၆ ရက်)

ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး ဒေသခံတိုင်းရင်းသား ပြည်သူများ ဝိုင်းဝန်းလက်တွဲကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော် ဖြည့်ဆည်းပေးလျက်ရှိသည်။

ကရင်ပြည်နယ်ဆိုပါလျှင် ၁၉၈၈နောက်ပိုင်း ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍတို့တွင် ဖွံ့ဖြိုးစည်ပင်လာခဲ့သည်။

ပညာရေးကဏ္ဍတွင် အခြေခံပညာကျောင်းပေါင်း ၁၂၆၉ ကျောင်းအထိရှိလာပြီး နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များကိုပါ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ရာ ပြည်နယ်အတွင်းရှိ ဒေသခံ တိုင်းရင်းသားလူငယ်များ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ပွင့်လန်းလာခဲ့ပြီဖြစ်သည်။

ကရင်ပြည်နယ်သည် မြေလွတ်မြေရိုင်းများ ကျန်ရှိနေသေးရာ စိုက်ပျိုးရေးလုပ်ငန်းများကို စီးပွားဖြစ်ဆောင်ရွက်နိုင်ပြီး ခေတ်မီစိုက်ပျိုးရေးနည်းပညာအကူအညီဖြင့် နေရာဒေသမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်ရန် ဆန်စပါးသာမက စားသုံးသီးနှံမျိုးစုံပါဖူလုံစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ပေ ၁၈၀ ထက်တံတား ၁၄စင်းကို တည်ဆောက်ပေးနိုင်ခဲ့ခြင်းဖြင့် ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်ဆံမှုလွယ်ကူစေခဲ့ပြီး ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေခဲ့သည်။ မြိုင်ကြီးငူဒေသသည် ယခင်ကနှင့်မတူ ထူးခြားသိသာစွာ ပြောင်းလဲတိုးတက်လျက်ရှိသည်။ ဤသည်မှာ တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုသံယောဇဉ်ဖြင့် အပေးအယူမျှတစွာ အတူတကွ ပေါင်းသင်းဆောင်ရွက်ခဲ့ခြင်း၏ အကျိုးရလဒ်ပင်ဖြစ်သည်။ ၃၄မိုင်အရှည်ရှိ မြိုင်ကြီးငူ-ဘားအံ သစ္စာလမ်းမကြီးသည် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး အထောက်အကူပြုနေပြီဖြစ်သည်။

ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးဒေသသည် ငြိမ်းချမ်းရေးကောင်စီဝင်များ နေထိုင်လျက်ရှိသည်နှင့်အမျှ တည်ငြိမ်အခြေကျလာပြီဖြစ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် နိုင်ငံတော်က အဘက်ဘက်မှ ဖြည့်ဆည်းပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို အကြားအလပ်မရှိ ဖြည့်ဆည်းပေးလျက်ရှိရာ၌ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း မိမိတို့ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝိုင်းဝန်းလက်တွဲကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူလမ်း ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့်အတူ မေ ၁၂ရက် နံနက်ပိုင်းက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်ခရိုင်နဝဒေးရိပ်သာ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းပိုင်းဆိုင်ရာများ မှာကြားသည်။

ရေရှည်ကောင်းမွန်ရေး

ဆက်လက်၍ ဝန်ကြီးသည် ပေါက်ခေါင်းမြို့ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၇)ရုံး ရှင်းလင်းဆောင်ခန်းမ၌ ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူလမ်း ပျက်စီးမှုမရှိစေရေးနှင့် ရေရှည်ကောင်းမွန်စွာ အသုံးပြုနိုင်ရေး၊ တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာမှုမရှိစေရေး စနစ်တကျဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၇)မှ တာဝန်ရှိသူများက ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူလမ်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် လမ်းပျက်စီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးတင့်ဆွေက ဖြည့်စွက်တင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မိုင်တိုင်အမှတ်(၅၀/၂)၌ ကတ္တရာလမ်းခင်းနေမှု၊ မိုင်တိုင်အမှတ် (၆၅/၄) နှင့် (၆၅/၅)အကြား စက်ယန္တရားကြီးများဖြင့် လမ်းသားတိုးချဲ့နေမှုနှင့် မိုင်တိုင်အမှတ်(၈၀/၁)၌ အခြေခံအလွှာလေးလက်မထု ကျောက်ခင်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့ စစ်ကုန်း အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သစ်တော)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျောင်းဆောင်သစ်ဖွင့်ပွဲများသို့ တက်ရောက်အားပေး

နေပြည်တော် မေ ၁၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၁၀ရက်က ဘိုကလေးမြို့ စစ်ကုန်းအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည်ဘိုကလေးမြို့နယ်အတွင်း နိုင်ငံတော်၏ထောက်ပံ့ငွေများဖြင့် ဒိုင်းမွန်းမာကြူရီ ကုမ္ပဏီကအသစ်ပြန်လည်တည်ဆောက်ခဲ့သည့် အုန်းပင်စုကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ ငမန်းချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ မိုးဒီကွဲကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲများသို့တက်ရောက်အားပေးပြီး ကျောင်းဆောင်သစ်များကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ အင်္ဂပူမြို့နယ် မကျည်းပင်ကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ညောင်ပင်သာကွင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ကညင်စုကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်တံခါးစည်ပင် ကျန်းမာရေးနှင့် ညီညွတ်ရန်စစ်ဆေး

ကျောက်တံခါး မေ ၁၅

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကျောက်တံခါး မြို့မဈေးအတွင်း ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် သား၊ ငါးနှင့် မုန့်အရောင်းဆိုင်များတွင် ယင်လုံဆန်ခါ ဖုံးအုပ်ရောင်းချမှု ရှိမရှိကို မေ ၁ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလွန်းတင်နှင့် ဒုတိယဦးစီးမှူး (အခွန်) ဒေါ်နီလာတို့ ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျွန်းစိုက်ပျိုးရေး ဟောပြောပွဲ ကျောက်တန်း၌ ကျင်းပ

ရန်ကုန် မေ ၁၅

ကျောက်တန်းမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၀၉-၂၀၁၀ မိုးရာသီတွင် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ နှင့် တစ်ရွာတစ်ဧက စိုက်ပျိုးရေး ပညာပေးဟောပြောပွဲများကို မေ ၁၁ ရက်က မီးပြစံပြကျေးရွာ၊ ဖွဲဘာကုန်းတန်းကျေးရွာနှင့် ပါဒကြီးစံပြကျေးရွာများ၌ ကျင်းပသည်။(ဝဲပုံ)

ရှင်းလင်းဆွေးနွေး

အဆိုပါဟောပြောပွဲများတွင် သက်ဆိုင်ရာကျေးရွာဥက္ကဋ္ဌများက အမှာစကားပြောကြားကြပြီး မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးတင်အုန်းက စိုက်ပျိုးရသည့် ရည်ရွယ်ချက်နှင့် စိုက်ပျိုးမည့်နည်းစနစ်များကို အကျယ်တဝင့်ရှင်းလင်း ဆွေးနွေးသည်။

တက်ရောက်

အခမ်းအနားသို့ တောအုပ် ဦးစိုးလွင်နှင့် နယ်မြေဝန်ထမ်းများ၊ ကျေးရွာပြည်သူများနှင့် လူမှုရေး အသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၁၆-၅-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၂၃)
- ၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ဖြောင်နှောင်နှောင် ဗေဗေ့ဂျီ** သရုပ်ဆောင်-လွင်မိုး၊ ခိုင်သင်းကြည် (ဒါရိုက်တာ-မောင်သီ)
- ၁၃း၅၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၄း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၄၇)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၀၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆း၄၀ ၁၃။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၅၀)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ လူရွှင်တော်ရွှေဖလား
- ၁၉။ အင်္ဂလိပ်စာသုတ (English Usage)
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင် သိုင်းမောင်နှံ** (အပိုင်း-၆)

လက်ခံတွေ့ဆုံ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ **H. E. Mr. Huynh Dam** ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးတင်နိုင်သိန်းနှင့် ဦးသန်းဌေး၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦးဥက္ကဋ္ဌ H.E.Mr.Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချူကုန်းဖုန်လည်း တက်ရောက်သည်။

(သတင်းစဉ်)

ရှေ့ဖုံးမှ

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr.Dipu Moni ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီ တာဝန်ခံ Mr. Md. Golam Mostafa နှင့် စစ်သံမှူး Brig Gen, A.N.M Shawkat Jamal, ndc, psc တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr.Dipu Moni အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာ၌ ကျင်းပသော ကျေးရွာများ မီးလင်းစေရေးအတွက် ဇီဝဘက်ထရီ ပေးအပ်ပွဲ အခမ်းအနားတွင် ဇီဝဘက်ထရီတစ်လုံး ပြုလုပ်သုံးစွဲနိုင်သည့် ကုန်ကြမ်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော်ခရိုင် နေပြည်တော်တပ်ကုန်းမြို့နယ် ကျေးရွာများ မီးလင်းစေရေးအတွက် ဇီဝဘက်ထရီ ပေးအပ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၅

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ခရိုင် နေပြည်တော် တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာ စာသင်ကျောင်းခန်းမ၌ ကျင်းပသော ကျေးရွာများ မီးလင်းစေရေးအတွက် ဇီဝဘက်ထရီ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်း

ရှေးဦးစွာ တိုင်းမှူးသည် ဇီဝဘက်ထရီတစ်လုံး ပြုလုပ်သုံးစွဲနိုင်သည့် ကုန်ကြမ်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်လျှပ်စစ် အင်ဂျင်နီယာက အသုံးဝင်မှုများကို လက်တွေ့သရုပ်ပြသ ရှင်းလင်းသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက မြို့နယ်အတွင်း လျှပ်စစ်မီးသုံးစွဲနိုင်မှုအခြေအနေနှင့် ကျေးရွာအားလုံး မီးလင်းစေရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက ကျေးရွာ ရပ်မိ၊ ရပ်ဖများထံ အသင့်ပြုလုပ်ထားသော ဇီဝဘက်ထရီများကို ထောက်ပံ့ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြသထားသည့် ဇီဝဘက်ထရီများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နီပေါနှင့် အိန္ဒိယ ဆက်သွယ်သည့် ရေနံပိုက်လိုင်းတည်ဆောက်မည်

ခတ္တမန္ဒူ မေ ၁၅

အိန္ဒိယနိုင်ငံ ရာဆောလ်မြို့နှင့် နီပေါနိုင်ငံ အမ်လက်ခ်ဂန်မြို့တို့ကို ဆက်သွယ်ဖောက်လုပ်မည့် အရှည်၄၁ကီလိုမီတာ ရှည်လျားသည့် ရေနံပိုက်လိုင်းတည်ဆောက်ရေးကို နီပေါရေနံကော်ပိုရေးရှင်း(အင်န်အိုစီ)နှင့် အိန္ဒိယရေနံကော်ပိုရေးရှင်း(အိုင်အိုစီ)တို့က သဘောတူညီလိုက်ပြီဖြစ်ကြောင်း သည်ဟိမလေးယားတိုင်းမ်သတင်းစာက မေ ၁၅ရက်၌ သတင်းထုတ်ပြန်သည်။

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် အင်န်အိုစီနှင့် အိုင်အိုစီတို့ တွေ့ဆုံဆွေးနွေးမှုများ အပြီး၌ သဘောတူညီလိုက်ခြင်းဖြစ်သည်။

နီပေါနိုင်ငံတောင်ပိုင်းတွင် ရေနံပြတ်လပ်မှုအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ယင်းရေနံပိုက်လိုင်းမှာ များစွာ အထောက်အကူ ပြုမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံပူးပေါင်းအဖွဲ့အနေဖြင့် ရေနံပိုက်လိုင်း တည်ဆောက်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အီလက်ထရွန်နစ်ပစ္စည်း အရောင်းဆိုင်တစ်ဆိုင်တွင် ရောင်းချလျက်ရှိသည့် ဆိုနီရုပ်မြင်သံကြားပြစက်များကို မေ ၁၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တောင်ကိုရီးယား၌ အလုပ်လက်မဲ့နှုန်း ဧပြီလအတွင်း လျော့ကျလာ

ဆိုးလ် မေ ၁၅

တောင်ကိုရီးယားနိုင်ငံတွင် အလုပ်လက်မဲ့နှုန်းမှာ ဧပြီလအတွင်း လျော့ကျလာခဲ့ရာ အလုပ်လက်မဲ့ အခြေအနေမှာ တည်ငြိမ်စ ပြုလာသည့် လက္ခဏာတစ်ရပ်ပင် ဖြစ်ကြောင်း မေ ၁၄ ရက်တွင် တောင်ကိုရီးယားအစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၀၉ခုနှစ် မတ်လက အလုပ်လက်မဲ့ဦးရေ ၁၉၅၀၀၀ရှိရာမှ ဧပြီလအတွင်းတွင် ၁၈၈၀၀၀သို့ လျော့ကျလာခဲ့ကြောင်း၊ ယင်းဖြစ်ရပ်သည် စီးပွားရေးလုပ်ငန်းများ အခြေအနေ ပြန်လည်ကောင်းမွန်လာမှုကို ပြသနေကြောင်း အမျိုးသားစာရင်းအင်းဌာန အကြီးအကဲ ဂျောင်အင်ဆွတ်ခ်က ပြောကြားသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ ဖလော်ရီဒါကမ်းလွန်၌ နစ်မြုပ်သည့်သင်္ဘောမှ ကယ်ဆယ်လာခဲ့သူတစ်ဦးအား မေ ၁၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဖလော်ရီဒါကမ်းလွန်တွင် သင်္ဘောနစ်မြုပ်၊ ၁၀ဦးသေဆုံး

မိုင်ယာမီ မေ ၁၅

ဟေတီနိုင်ငံမှ တရားမဝင်ခိုးဝင်လာသူများ တင်ဆောင်လာသည့် သင်္ဘောတစ်စင်းသည် ဖလော်ရီဒါကမ်းလွန်တစ်နေရာတွင် နစ်မြုပ်ခဲ့ပြီးနောက် အမေရိကန်ကမ်းခြေစောင့် တပ်ဖွဲ့ဝင်များက အသက်မသေကျန်ရှိသူ ၁၇ဦးတို့အား ကယ်တင်နိုင်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြသည်။ ၄င်းတို့သည် ရေထဲတွင် ၁၀နာရီခန့်မျောနေစဉ် ဖြတ်သွားသည့် သင်္ဘောတစ်စင်းက ၄င်းတို့အား မြင်တွေ့ခဲ့ပြီး အာဏာပိုင်များထံ အကြောင်းကြားခဲ့သည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့မှ ဗိုလ်ကြီးဂျိမ်းစ်ဖစ်တန်က ပြောကြားသည်။

ကယ်ဆယ်နိုင်

ဘီမီနီဒေသမှ ထွက်ခွာပြီး ဖလော်ရီဒါတောင်ပိုင်းဒေသသို့ ဦးတည်လာခဲ့ရာမှ တစ်စုံတစ်ရာဖြင့် တိုက်မိသဖြင့် သင်္ဘောနစ်မြုပ်ခြင်းဖြစ်သည်ဟု အသက်ရှင်သူတစ်ဦးက ပြောကြားသည်ဟု ဖစ်တန်က ဆက်လက်ပြောကြားသည်။

ဒေသတွင်းဆေးရုံသို့ တင်ပို့ထားသည့် ငါးဦးအပါအဝင် ၁၇ဦးအား ရေပြင်မှ ကယ်တင်နိုင်ခဲ့ပြီး ၁၀ဦးသေဆုံးခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

နီပေါနိုင်ငံ ခတ္တမန္ဒူလေဆိပ်၌ ရဲတပ်ဖွဲ့ဝင် ၄၀ အစာအဆိပ်သင့်

ခတ္တမန္ဒူ မေ ၁၅

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တော်ရှိ ထရစ်ဟူဗန်နိုင်ငံတကာလေဆိပ်(တီအိုင်အေ)မှ အစောင့်တာဝန်ယူထားသည့် ရဲတပ်ဖွဲ့ဝင် ၄၀တို့သည် အစာ အဆိပ်သင့်ခဲ့ကြောင်း သည်ဟိမလေးယားတိုင်းမ် သတင်းစာက မေ ၁၃ရက်တွင် ဖော်ပြသည်။

ရွှေ့ပြောင်းထား

ကူးစက်ရောဂါပညာရှင်နှင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်သူ ပီဗန်တာရီက တီအိုင်အေတွင် ကျန်းမာရေးအထူးဌာန တစ်ခုဖွင့်လှစ်ပေးထားသည်။ အစာအဆိပ်သင့်သူ ရဲတပ်ဖွဲ့ဝင်များအား နီပေါရဲတပ်ဖွဲ့ဆေးရုံသို့ အလျင်အမြန် ပို့ဆောင်ခဲ့ရသည်။

ဆိုးရွား

၄င်းတပ်ဖွဲ့ဝင်များသည် ဝမ်းပျက်ရောဂါ၊ အဖျားရောဂါနှင့် ကိုယ်လက်မအီမသာဖြစ်သည့် ဝေဒနာများခံစားကြရပြီး၄င်းတို့၏ ကျန်းမာရေးအခြေအနေသည် ဆိုးရွားကာ စိုးရိမ်ရသည်ဟု ၄င်းက ဆက်လက်ပြောကြားသည်။

ကယ်ဆယ်နိုင်

ရဲဝန်ထမ်းအားလုံး စားသောက်ဆိုင်တစ်ဆိုင်တွင် စားသုံးကြကြောင်း၊ ရွှေဖရုံသီးဟင်း၊ အာလူးနှင့်မုန်လာချဉ်တို့စားသုံးပြီးနောက် ယင်းသို့အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း သတင်းစာက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့တွင် နေတိုးထောက်ပံ့ရေးစခန်း တိုက်ခိုက်ခံရပြီးနောက် ပျက်စီးသွားသည့် ထရပ်ကားတစ်စီးကို မေ ၁၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်၌ အသေခံဗုံးခွဲတိုက်ခိုက် အရပ်သားခုနစ်ဦး သေဆုံး

ကဘူးလ် မေ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ နေတိုး အခြေစိုက်စခန်း အပြင်ဘက်တွင် မေ ၁၃ ရက်က အသေခံဗုံးဖောက်ခွဲမှုကြောင့် အရပ်သားခုနစ်ဦး သေဆုံးကြောင်း ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ အဆိုပါဒေသရှိ ခို့စ်မြို့တွင် တာလီဘန်စစ်သွေးကြွများအား တိုက်ခိုက်ခဲ့ပြီးနောက်တစ်ရက်၌ ဖော်ပြပါဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိ

အသေခံဗုံးခွဲသူတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ အပြည့်အသိပ်တင်ဆောင်လာသောကားဖြင့် ခို့စ်မြို့တွင် ဖောက်ခွဲခဲ့ရာ အခြားအရပ်သား ၂၁ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရသူအားလုံးမှာ ခို့စ်မြို့ဆင်ခြေဖုံးဒေသရှိ နေတိုးအခြေစိုက်စခန်းတွင် အလုပ်လုပ်ကိုင်နေကြသူများဖြစ်ကြသည်ဟု တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

မြင့်တက်နိုင်

အမေရိကန်တပ်ဖွဲ့ဝင်များက ယင်းဒေသအား ဝိုင်းရံထားပြီး သေဆုံးသူဦးရေသည် ထပ်တိုးလာနိုင်သည်ဟု ပြည်နယ်တာဝန်ရှိပုဂ္ဂိုလ် ဝါဇာပက်ရှာက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ အရှေ့ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၁၃ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်၌ မိုးသက်မုန်တိုင်းတိုက်ခတ် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်၊ သုံးဦးသေဆုံး

ဝါရှင်တန် မေ ၁၅

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းဒေသတွင် မေ ၁၃ရက် ညပိုင်းက မိုးသက်မုန်တိုင်းနှင့် လေဆင်နှာမောင်းများ တိုက်ခတ်ခြင်းခံရသဖြင့် သုံးဦး သေဆုံးခဲ့ကြောင်း၊ မေ ၁၄ရက် ညပိုင်းအထိ နေအိမ်ထောင်နှင့်ချီ၍ လျှပ်စစ် မီးပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ပြောကြား

မုန်တိုင်းတိုက်ခတ်မှုကြောင့် ရွှေ့ပြောင်းနေထိုင်ရာ နေအိမ်အတွင်း သေဆုံးခဲ့သည့် အဘွားအိုတစ်ဦးအပါအဝင် သုံးဦး သေဆုံးခဲ့ကြောင်း၊ ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း မစ်ဆောရီပြည်နယ် အရေးပေါ်အခြေအနေ ထိန်းချုပ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ကြုံတွေ့

ထို့ပြင် အိုကလာဟိုးမားပြည်နယ်၌ အနည်းဆုံး လေဆင်နှာမောင်းငါးကြိမ် တိုက်ခတ်ခဲ့ရာ သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။

အင်ဒီယားနားပြည်နယ်တွင်လည်း မုန်တိုင်းကြောင့် အိမ်ခြေ၈၀၀၀ခန့် လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း၊ အီလီနွိုက်ပြည်နယ်တွင်လည်း မုန်တိုင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းအချို့ ပိတ်ထားခဲ့ရကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ဗြိတိန်တွင် ဖမ်းထားသည့် အကြမ်းဖက်သမားများအား သုံးပုံတစ်ပုံသာစွဲချက်တင်

လန်ဒန် မေ ၁၅

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက် နောက်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှု အက်ဥပဒေအရ လူ၁၄၀၀ကျော်ကို ဗြိတိန်နိုင်ငံတွင် ဖမ်းဆီးထားကြောင်း၊ သို့ရာတွင် ယင်းလူများမှ သုံးပုံတစ်ပုံခန့်ကိုသာ စွဲချက်တင်ခဲ့ပြီး လူနည်းစုကိုသာ စီရင်ချက်ချအပြစ်ပေးခဲ့ကြောင်း အစိုးရစာရင်းဇယားများ၌ ဖော်ပြသည်။

စစ်ဆေးမေးမြန်း

အစိုးရ၏ သတင်းအချက်အလက်များအရ လူ ၁၄၇၁ ဦး အဖမ်းခံရပြီး ၁၉၆ဦးသာ အပြစ်ပေးစီရင်ခဲ့ကြောင်းနှင့် ၁၀၂ဦးမှာ အကြမ်းဖက်မှုဥပဒေနှင့် ငြိစွန်းကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် မေ ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလှည့်ပတ်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ ဧည့်သည်တော် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီနှင့်အတူ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အထူးသံတမန် ဗိုလ်ချုပ်အဘူရိုရှ်ဒီရိုကိုနဒ်ဒေါ်လာ၊ ညွှန်ကြားရေးမှူးချုပ် အန်ရက်ဟိုစိန်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ လိုက်ပါလာကြသည်။

အမြင်ချင်းဖလှယ်

ယင်းနောက်ဧည့်သည်တော်ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ သွားရောက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား တွေ့ဆုံပြီး ဝန်ဇင်းမင်းရာဇာခန်းမ၌ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေး၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ကြသည်။

ထို့နောက် ဧည့်သည်တော် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးသို့သွားရောက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်အတူ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံ

ယင်းနောက် ဧည့်သည်တော် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ သွားရောက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာ၌ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းက ဧည့်သည်တော် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေဧည့်သည် ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက် တွေ့ဆုံစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ရက်
(ဥပုသ်နေ့)
၁၆-၅-၂၀၀၉ရက်
(စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ကဗျာပန်းဥယျာဉ်
- ၇:၅၀ ၅။ တေးဂီတအစီအစဉ်
- ၈:၀၀ ၆။ မြန်ပြည်တစ်လွှားလမ်းတံတား
- ၈:၁၅ ၇။ **စီးဆင်းပါစေမေတ္တာရည်** မေကဗျာ၊ ဖူးဖူး (ဒါရိုက်တာ-ခင်ဇော်၊ ကုမုဒြာ)
- ၈:၃၀ ၈။ International News
- ၈:၄၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၄၅ ၁၀။ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၄၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၃၀ ၅။ Yan Can Cook
- ၁၂:၅၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၄၅)
- ၁၃:၄၀ ၇။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ **Telematch**
- ၁၄:၂၅ ၈။ International News
- ၁၄:၃၅ ၉။ မုဟန်သွယ်သွယ်ဆိုကြမယ်
- ၁၄:၄၅ ၁၀။ အတီးပြိုင်ပွဲ
- ၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၅၀ ၁။ **Myanmar National League MNL-Cup(2009) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဧရာဝတီ ရွှေမြေF.C နှင့် ရန်ကုန်ယူနိုက်တက် F.C)**
- ၅:၃၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၃၅ ၄။ အလှူရှာမယ်လှူကမ္ဘာဝယ်
- ၆:၅၅ ၅။ ပဌလက်ကျောင်းတော်
- ၇:၁၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား** (အပိုင်း-၁၃)
- ၈:၀၀ ၇။ ပြည်တွင်းသတင်း
- ၈။ နိုင်ငံတကာသတင်းများ
- ၉။ မိုးလေဝသအခြေအနေ
- ၁၀။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၁၀)
- ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးဇူးတင်ပါတယ်** (အပိုင်း-၁၀)
- ၁၂။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တ သာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်

စက်ဘီးစီးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်နိုင်

ရန်ကုန် မေ ၁၅

(၅၅)ကြိမ်မြောက် မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲကို ဇွန် ၁၃ရက်မှ ၁၆ရက်အထိ သုဝဏ္ဏ စက်ဘီးလေ့ကျင့်ရေး ကွင်း၌ ပြုလုပ်မည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ယှဉ်ပြိုင်လိုသူများသည် မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်ရုံး သုဝဏ္ဏကွင်းသို့ ဇွန် ၁၁ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြသည်။

ပြိုင်ပွဲအမျိုးအစားများမှာ အမျိုးသား မီတာ ၁၀၀၀ တစ်ဦးချင်းစံချိန်ပြု၊ မီတာ ၄၀၀၀ တစ်ဦးချင်းစံချိန်ပြု၊ မီတာ ၄၈၀၀ အုပ်စု တစ်ဦးချင်း၊ မီတာ၄၀၀၀ အသင်းချင်း အမီလိုက်၊ ကီလိုမီတာ ၁၀၀ တာဝေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ၅၀၀ တစ်ဦးချင်းစံချိန်ပြု၊ မီတာ၃၀၀၀ တစ်ဦးချင်းစံချိန်ပြု၊ မီတာ၄၈၀၀ အုပ်စုတစ်ဦးချင်း၊ မီတာ၃၀၀၀ အသင်းချင်း အမီလိုက်၊ ကီလိုမီတာ ၇၀ တာဝေးပြိုင်ပွဲတို့ ပါဝင်သည်။ **(၁၆၃)**

ရန်ကုန်တိုင်း အလုံမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်းအသင်းစုလီမိတက်၏ ၂၀၀၈-၂၀၀၉ခုနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် မြို့နယ် သမဝါယမအသင်းစု ပြန်လည်ဖွဲ့စည်းရေး အခမ်းအနားကို မေ ၁၄ရက်က မြို့နယ် သမဝါယမဦးစီးဌာနရုံးတွင် ကျင်းပရာ တိုင်းသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းနိုင်က အမှာစကားပြောကြားစဉ်။ (၁၃၅)

မှုးယစ်ကင်းစင် အလှဆင်

မိုးရာသီတွင် ဧရာဝတီမြစ်ရေကြီးလျှင် စဉ့်ကူးမြို့သို့ ရေလွှမ်းမိုးမှုမှ ကြိုတင်ကာကွယ်ရန်အတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းလှအောင်က မြို့ပတ်တာပေါင်နှင့် ရေတံခါး ပြန်လည်ပြုပြင်ဆောင်ရွက်နေခြင်းကို စဉ့်ကူးမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လှုနှင့်အတူ အမှုဆောင်အရာရှိ ဦးမျိုးတင့်တို့က ကြည့်ရှု ကြီးကြပ်နေစဉ်။ (မြို့နယ် ပြန်/ဆက်)

ဒါလီတံတား တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ဒါလီတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကြာအင်းဆိပ်ကြီးမြို့နယ် ဖွံ့ဖြိုးတိုးတက်မှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများသည် မေ ၁၂ရက် နံနက်ပိုင်းက ကြာအင်းဆိပ်ကြီးမြို့နယ် နယ်မြေခံတပ်နယ်ရိပ်သာ၌ ဦးစောသမူဟဲဦးဆောင်သည့် ငြိမ်းချမ်းရေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လက်ဆောင်ပစ္စည်းနှင့် အဝတ်အထည်များပေးအပ်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် တပ်နယ်ရှိ သူရငွေထွန်းခန်းမ၌ တပ်နယ်မိသားစုဝင်များနှင့် တွေ့ဆုံပြီး တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များသို့ ထောက်ပံ့ပစ္စည်းများပေးအပ်၍ တပ်နယ်၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ယင်းနောက် ကြာအင်းဆိပ်ကြီးမြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဇမိခန်းမ၌ ကြာအင်းဆိပ်ကြီးမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ မှာကြားသည်။

မှာကြား

ထို့နောက် ဒါလီတံတားတည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

မြေဩဇာထည့်သွင်းပေး

ယင်းနောက် မွန်ပြည်နယ် မုဒုံမြို့ရှိ ခြံစည်းရိုးကြက်ဆူစိုက်ခင်း ပေါင်းရှင်းခြင်းနှင့် မြေဩဇာထည့်သွင်းခြင်း စုပေါင်းပြုလုပ်ရာနေရာသို့ ရောက်ရှိရာ ပြည်နယ်စိုက်ပျိုးရေး မန်နေဂျာက ပြည်နယ်အတွင်း ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူပင်များကို မြေဩဇာများ ထည့်သွင်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ မြိုင်ရတနာခေတ်မီလေးထပ်ဈေးကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တောကလိတ်ကျေးရွာ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (စွမ်းအင်)

၂၀၀၉ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ဘတ်စကက်ဘောပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၅

၂၀၀၉ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၁၁ရက် နံနက်ပိုင်းက သန်လျင်တပ်နယ် တပ်နယ်အားကစားခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အမှတ်(၁)ရေတပ်လေ့ကျင့်ရေးကျောင်း ခေတ္တကျောင်းအုပ်ကြီး၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ တာဝန်ရှိသူများ၊ မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဆွတ်ခူးရရှိ

ထို့နောက် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်းဆုကို အမှတ်(၁) ရေတပ်လေ့ကျင့်ရေးကျောင်းအသင်းက ဆွတ်ခူးရရှိခဲ့သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ၂၀၀၉ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ဘတ်စကက်ဘောပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် အမှတ်(၁)ရေတပ်လေ့ကျင့်ရေးကျောင်းအသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား အမှတ်(၁)ရေတပ်လေ့ကျင့်ရေးကျောင်း ခေတ္တကျောင်းအုပ်ကြီးက တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ပျော်ဘွယ်မြို့နယ်အပိုင်းအား မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမင်းမင်းဇော်နှင့် အမှုဆောင်အရာရှိ ဦးမောင်စိုးတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကွမ်းခြံကုန်းမြို့နယ် ကျေးရွာပြည်သူများအား စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တွေ့ဆုံ ဇီဝဘက်ထရီ အသုံးပြုပုံ ရှင်းလင်းပြသ

နေပြည်တော် မေ ၁၅

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် မေ ၉ရက် နံနက်ပိုင်းက ကွမ်းခြံကုန်းမြို့နယ် သောင်ခုံကျေးရွာနှင့် တောကလိတ်ကျေးရွာတို့သို့ ရေယာဉ်ဖြင့်ရောက်ရှိပြီး ကျေးရွာဘုန်းကြီးကျောင်း၌ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဇီဝဘက်ထရီ အသုံးပြုပုံကို ရှင်းလင်းပြသကာ ကျေးရွာအိမ်ထောင်စုများအတွက် အခမဲ့ပေးဝေသည်။ ယင်းနောက် ဝန်ကြီးက ကျေးရွာပြည်သူများအတွက် ဆန်၊ ဆီနှင့် ပဲတို့ကို ထောက်ပံ့ပေးအပ်သည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တောကေးကျေးရွာနှင့် တောကဆော့ကျေးရွာများသို့ရောက်ရှိပြီး ကျေးရွာဘုန်းကြီးကျောင်းသို့ သွားရောက်ကာ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် တောကေးကျေးရွာ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းက တည်ဆောက်လှူဒါန်းသည့် မိဘမဲ့ ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ရောက်ရှိကာ ကျောင်းသားများအား စားသောက်ဖွယ်ရာများဝေငှပြီး ကျောင်းတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ကျေးရွာစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။

အခမဲ့ပေးဝေ

ထို့နောက် ဝန်ကြီးသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဇီဝဘက်ထရီအသုံးပြုမှုကို ရှင်းလင်းပြသပြီး အခမဲ့ပေးဝေကာ ပြည်သူများအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

စွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူကာ ကွမ်းခြံကုန်းမြို့နယ် ကျေးရွာများရှိ အိမ်ထောင်စုပေါင်း ၃၀၀၀၀ခန့် မီးလင်းရေးအတွက် ဇီဝဘက်ထရီများရရှိရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦးဥက္ကဋ္ဌခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မေ ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦးဥက္ကဋ္ဌ H.E. Mr. Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ၁၂နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ ဗဟိုအတွင်းရေးမှူး ဦးကျော်ဆန်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးသိန်းညွန့်နှင့် ဦးတင်နိုင်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချူကုန်းဖုန်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr. Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်း ဧည့်ခံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

အိပ်စက်နေစဉ် မကြာခဏလန့်နိုးတတ်သူများ နှလုံးနှင့်သွေးတိုးရောဂါများ ဖြစ်ပွားနိုင်ဟုဆို

ညအချိန် အိပ်စက်နေစဉ် မကြာခဏလန့်နိုးတတ်သူများသည် နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် ရုတ်တရက် လေဖြတ်ခြင်း ဝေဒနာတို့ဖြစ်ပွားနိုင်ကြောင်း ဂျပန်ဆေးသိပ္ပံပညာရှင်များက သတိပေးလိုက်သည်။ အရွယ်ရောက်သူတစ်ဦးသည် တစ်နေ့လျှင် အနည်းဆုံးအိပ်စက်အနားယူချိန် ခုနစ်နာရီခန့်ရှိရမည်ဖြစ်ရာ ထိုအိပ်ချိန်အတွင်း တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်နိုးတတ်သူများအနေဖြင့် သွေးလည်ပတ်မှု၊ ခန္ဓာကိုယ်အတွင်းဆဲလ်များ သန့်စင်မှုနှင့် ကိုယ်တွင်းဇီဝဖြစ်စဉ်များထိခိုက်မှုကို ဖြစ်စေနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

နှစ်ခြိုက်စွာအိပ်မောကျနေရာမှ ရုတ်တရက်လန့်နိုးခြင်းကြောင့် ဦးနှောက်နှာဗ်ကြောများထိခိုက်စေပြီး ဦးနှောက်ဆဲလ်များလည်း ပျက်စီးစေကြောင်း၊ ထို့အပြင်နှလုံးကျန်းမာရေးကိုလည်း ထိခိုက်စေကြောင်းသိရသည်။

ထို့ကြောင့် နှစ်ခြိုက်စွာအိပ်စက်အနားယူနိုင်ရန် အိပ်စက်ချိန်အတွင်း မကြာခဏလန့်နိုးခြင်းများမဖြစ်စေရန် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်သင့်ကြောင်း ဂျပန်ဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။

နေပြည်တော်ခရိုင် နေပြည်တော်လယ်ဝေးမြို့နယ် ကျေးရွာများ မီးလင်းရေးအတွက် ဇီဝဘက်ထရီပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၅

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ခရိုင် နေပြည်တော်လယ်ဝေးမြို့နယ် ထိန်အင်းကျေးရွာ၌ ကျင်းပသော ကျေးရွာများ မီးလင်းစေရေးအတွက် ဇီဝဘက်ထရီပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာတောင်သူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်အတွင်း လျှပ်စစ်မီးသုံးစွဲနိုင်မှု အခြေအနေနှင့် ကျေးရွာအားလုံး မီးလင်းစေရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ တိုင်းမှူးက ကျေးရွာ ရပ်မိရပ်ဖများထံ အသင့်ပြုလုပ်ထားသော ဇီဝဘက်ထရီများကို ထောက်ပံ့ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး ပြသထားသည့် ဇီဝဘက်ထရီများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင် နေပြည်တော် လယ်ဝေးမြို့နယ် ထိန်အင်းကျေးရွာ၌ ကျင်းပသည့် ကျေးရွာများ မီးလင်းစေရေးအတွက် ဇီဝဘက်ထရီပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

■ ကျောဖုံးမှ

နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်မြင့်မားရေး စပါးစိုက်ဧကများ တိုးချဲ့ဖော်ထုတ်ခဲ့ ယနေ့ဆိုလျှင် တစ်နိုင်ငံလုံး စပါးစိုက်ဧက စုစုပေါင်း သန်း ၂၀ကျော်ရှိလာခဲ့ပြီ

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဆန်စပါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဆန်စပါးနမူနာ ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဆန်စပါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတွင် ခင်းကျင်းပြသထားသည့် ဆန်စပါးနမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဟန်ချက်ညီညီ

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲ၌ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု လုပ်ငန်းစဉ်များ တစ်ခုနှင့်တစ်ခု ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းအဖြေရှာ ဆွေးနွေးကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်မှာ စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုနိုင်ငံအဖြစ် ဆက်စပ်ကူးပြောင်းထူထောင်နိုင်ရေးဖြစ်ကြောင်း။

တိုးချဲ့ဖော်ထုတ်

ယခုကဲ့သို့ ရည်မှန်းဆောင်ရွက်ရာ၌ နိုင်ငံတော်အပိုင်းအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်မြင့်မားလာစေရေးအတွက် စပါးစိုက်ဧကများ တိုးချဲ့ဖော်ထုတ်ခဲ့ရာ ယနေ့ဆိုလျှင် တစ်နိုင်ငံလုံး စပါးစိုက်ဧက စုစုပေါင်း သန်း ၂၀ ကျော် ရှိလာခဲ့ကြောင်း၊ အလားတူ စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံပေါင်း ၃၅၈ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ခု၊ မြေအောက်ရေရရှိရေး စက်ရေတွင်းပေါင်း ၇၉၂၇ခုတို့ဖြင့် စိုက်ဧက ၅ဒသမ ၅၆သန်းဧကကို ရေပေးသွင်းစိုက်ပျိုးလျက်ရှိကြောင်း၊ ဆက်လက်၍လည်း တည်ဆောက်ဆဲဆည်တမံ ၃၃ခုနှင့် တည်ဆောက်ရန်လျာထားသော ဆည်တမံလုပ်ငန်းများကိုလည်း လျာထားဆောင်ရွက်လျက်ရှိရာ ဆည်ရေသောက်ဧရိယာများလည်း ထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ စိုက်ပျိုးမြေဧရိယာ တိုးချဲ့လာနိုင်ခြင်း၊ တစ်ဧက အထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်း၊ စိုက်ပျိုးရေရရှိရေး စီမံကိန်းများ တည်ဆောက်နိုင်ခြင်း၊ သီးထပ်စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ယနေ့ဆိုလျှင် ပြည်တွင်း၌ စားနပ်ရိက္ခာဖူလုံရုံသာမက ပိုလျှံမှုရှိလာပြီဖြစ်၍ တစ်နှစ်ထက်တစ်နှစ် ပြည်ပသို့ ဆန်တင်ပို့ရောင်းချမှု တိုးမြှင့်နိုင်လာနေပြီ ဖြစ်ကြောင်း။

စက်မှုလယ်ယာ

ဆက်လက်၍ လယ်ယာကဏ္ဍတိုးတက်မြင့်မားလာရေးအတွက် လိုအပ်ချက်ဖြစ်သည့် စက်မှုလယ်ယာစနစ် ပီပီပြင်ပြင် ကူးပြောင်းရောက်ရှိရေး၊ စပါးမျိုးကောင်းမျိုးသန့် လဲလှယ်စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည့် သွင်းအားစုများ မှန်ကန်စွာသုံးစွဲရေး၊ စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့၊ ကြိတ်ခွဲ သိုလှောင်မှုများ စနစ်ကျနမှုရှိစေရေး၊ စိုက်ပျိုးနည်းပညာ အထောက်အကူရရှိရေးတို့ကို ဆောင်ရွက်သွားရဦးမည်ဖြစ်ကြောင်း။

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရေးအတွက် နိုင်ငံတော်အပိုင်းအနေဖြင့် အရည်အသွေးနှင့်အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့် စီစဉ်လဲလှယ်ပေးခြင်း၊ နည်းပညာ ထိရောက်စွာဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးခြင်း၊ သင့်တင့်သည့် စိုက်ပျိုးစရိတ် ထုတ်ပေးခြင်း၊ လိုအပ်သောသွင်းအားစုများ ဖြန့်ဖြူးပေးခြင်းတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသော်လည်း ပြည့်စုံမှုမရှိသေးဘဲ လိုအပ်ချက်များရှိနေဆဲပင်ဖြစ်ကြောင်း၊ အဆိုပါ တောင်သူလယ်သမားများအတွက် လိုအပ်ချက်များကို အရင်းအနှီးရှိသော လုပ်ငန်းရှင်များအပိုင်း၊ နယ်မြေခံ ဆန်စပါးရောင်းဝယ်သူများနှင့်ဆန်တင်ပို့ရောင်းချသူများအပိုင်းတို့က ပူးပေါင်းဖြည့်ဆည်းခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း။

ဖြည့်ဆည်းကူညီ

ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းကို ပုဂ္ဂလိကများအား လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုပေးထားရာ စိုက်ပျိုးထုတ်လုပ်သူများ၊ ပြည်တွင်းပြည်ပရောင်းချသူနှင့် စားသုံးသူများကို အကျိုးရှိစေလို၍ဖြစ်ကြောင်း၊ စိုက်ပျိုးထွက်ရှိလာသမျှကို သမားရိုးကျ ဝယ်ယူရောင်းချနေခြင်းမျိုးထက်၊ စိုက်ပျိုးသူ၊ အရင်းအနှီးရှိသူနှင့် ဝယ်ယူရောင်းချသူတို့ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ အရင်းအနှီးမရှိသော တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို ပူးပေါင်းဖြည့်ဆည်းကူညီကြရမည် ဖြစ်ကြောင်း။

စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံပေါင်း ၃၅၈ ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ခု၊ မြေအောက်ရေရရှိရေး စက်ရေတွင်းပေါင်း ၇၉၂၇ ခုတို့ဖြင့် စိုက်ဧက ၅ ဒသမ ၅၆သန်းဧကကို ရေပေးသွင်းစိုက်ပျိုးလျက်ရှိ၊ ဆက်လက်၍လည်း တည်ဆောက်ဆဲ ဆည်တမံ ၃၃ခုနှင့် တည်ဆောက်ရန်လျာထားသော ဆည်တမံလုပ်ငန်းများကိုလည်း လျာထားဆောင်ရွက်လျက်ရှိရာ ဆည်ရေသောက်ဧရိယာများလည်း ထပ်မံတိုးတက်လာမည်။

ယင်းကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်ရာတွင်လည်း တောင်သူလယ်သမားများအား ဝန်မပိစေဘဲ အကျိုးရှိရန်လိုအပ်သကဲ့သို့ အရင်းအနှီးစိုက်ထုတ်ရသည့် လုပ်ငန်းရှင်များ၊ ကုန်သည်များအနေဖြင့်လည်း ထိုက်သင့်သောအကျိုးအမြတ် ရရှိစေပြီး နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် နိုင်ငံတော်အပိုင်းက ဆက်စပ်ညှိနှိုင်း ကြီးကြပ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

ယနေ့ဆိုလျှင် ဒေသအလိုက် ဦးဆောင်ကုမ္ပဏီများ စတင်ထူထောင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ တောင်သူများနှင့် ကုန်သည်/လုပ်ငန်းရှင်များ၊ သုံးဦးသုံးဖလှယ် စုစည်းညီညွတ်မှုဖြင့် ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ကြမှသာ ယနေ့ကာလ မိမိတို့ရရှိနေသော လယ်ယာကဏ္ဍဖွံ့ဖြိုးမှု အရှိန်အဟုန်ကို ဆက်လက်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုအပိုင်းသာမက ကြိတ်ခွဲတင်ပို့ရောင်းချမှု လုပ်ငန်းအဆင့်ဆင့်ကိုလည်း စနစ်တကျ စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့၏ စိုက်ပျိုးရေးထွက်ကုန်များကို ပြည်တွင်းမှာသာမက ပြည်ပတွင်ပါ ထိုက်တန်သည့်ဈေးနှုန်းရရှိရေး၊ နိုင်ငံတကာ ဆန်ဈေးကွက်လိုအပ်ချက်နှင့်အညီ ဆန်အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး၊ မိမိတို့ရရှိပြီး ဈေးကွက်ခိုင်မြဲရေးနှင့် ဈေးကွက်ထပ်မံတိုးချဲ့နိုင်ရေး၊ ဝယ်ယူသည့် ဖောက်သည်များ၏ ယုံကြည်စိတ်ချမှုရှိရေးတို့အတွက် အလေးထားဆောင်ရွက်ရန်အရေးကြီးကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဦးကောင်း၊ တစ်ပွဲကောင်းမဖြစ်စေဘဲ အရင်းအနှီးများကိုစုပေါင်း၍ ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ဆွေးနွေးပွဲသို့တက်ရောက်လာကြသူများက ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁)သည် အစည်းအဝေးခန်းမ၌ ခင်းကျင်းပြသထားသည့် ရေထွက်ပစ္စည်းများ၊ လက်ခစားပို့ကုန်ပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းများ၊ အခြားပို့ကုန်များ၊ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများနှင့် ဆန်စပါးနမူနာများကို ကြည့်ရှုစစ်ဆေးပြီး ဆွေးနွေးပွဲပထမပိုင်း အစီအစဉ်များကို ရပ်နားလိုက်သည်။

ဆက်လက်၍ ဆွေးနွေးပွဲဒုတိယပိုင်း အစီအစဉ်များကိုကျင်းပရာ ရွှေဦးစွာ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ တင်ပို့ရောင်းချမှုတွင် မျိုးကောင်းမျိုးသန့်သုံးစွဲမှု၊ အရေးပါမှုနှင့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူးက ပြည်ပဈေးကွက်ဝင် ဆန်စပါးအမျိုးအစား စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပြည်ပသို့ဆန်တင်ပို့ရောင်းချမှုနှင့် ဆန်ဈေးကွက်အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲမန်နေဂျာ ဒေါက်တာရဲတင့်ထွန်းက အရည်အသွေးနှင့်အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်စပါးမျိုးများထုတ်လုပ်ရေး စာတမ်းကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေအသုံးချရေးဌာနခွဲ မန်နေဂျာဒေါက်တာကြည်မြင့်က အထွက်နှုန်းမြင့်မားရေးအတွက် ဓာတ်မြေဩဇာကို အကျိုးရှိစွာအသုံးချ စိုက်ပျိုးထုတ်လုပ်ရေးစာတမ်းကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာနခွဲလက်ထောက်မန်နေဂျာ ဒေါက်တာအောင်ဆွေက ပိုးသတ်ဆေးများကိုအသုံးပြု၍ သီးနှံဖျက်ပိုးများ ကာကွယ်ရေးနှင့် စားသုံးသူအန္တရာယ်ကင်းရှင်းရေးစာတမ်းကိုလည်းကောင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး PTAC (1) အထွေထွေမန်နေဂျာ ဦးစိုးဝင်းက ရိတ်သိမ်းပြီးနောက်ပိုင်း အရည်အသွေးထိန်းသိမ်းရေးနှင့် ဆန်စပါးစနစ်တကျသိုလှောင်ထိန်းသိမ်းရာတွင် ဆောင်ရွက်ရမည့်အစီအစဉ်များ စာတမ်းကိုလည်းကောင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး PTAC (2) အထွေထွေမန်နေဂျာ ဦးမြင့်ဝင်းက ဈေးကွက်ဝင်အရည်အသွေးမီ ဆန်များအပြည့်အဝ ကြိတ်ခွဲထုတ်လုပ်ရေးနှင့် ဆန်ကြိတ်ခွဲမှုဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များ စာတမ်းကိုလည်းကောင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ကောက်ပဲသီးနှံဌာနခွဲ အထွေထွေမန်နေဂျာ ဦးတိုးအောင်မြင့်က နိုင်ငံတကာဆန်ဈေးကွက်အခြေအနေနှင့် ဆန်အရည်အသွေး စံချိန်စံညွှန်းများနှင့် ဈေးကွက်ဝင်ဆန်စပါး အရည်အသွေးရရှိရေး ဆောင်ရွက်ရမည့် အစီအမံများ စာတမ်းကိုလည်းကောင်း၊ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ ဒေါက်တာ မျိုးအောင်ကျော်နှင့် ဦးသောင်းဝင်းတို့က စပါးအခြောက်ခံစက်များ ထိရောက်စွာအသုံးပြုရေးနှင့် ပေါင်းဆန်ကြိတ်ခွဲထုတ်လုပ်ခြင်းဖြင့် ဆန်အရည်အသွေးမြှင့်တင်ဆောင်ရွက်မည့် အစီအစဉ်များစာတမ်းကိုလည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် Study Group မှ ဒေါက်တာမောင်အောင်က သွင်းအားစုဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ လယ်ယာသုံးစက်ကိရိယာနှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ တင်သွင်းပံ့ပိုးဖြန့်ဖြူးရေးစာတမ်းကိုလည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက စိုက်ပျိုးထုတ်လုပ်သည်မှ တင်ပို့ရောင်းချသည်အထိ သယ်ယူပို့ဆောင်ကိုင်တွယ်ထိန်းသိမ်းရေးစရိတ်များ လျော့နည်းသက်သာစေရေးစာတမ်းကိုလည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းနှင့် ခနုဖြူဆန်စပါးအထူးပြုကုမ္ပဏီ (Gold Delta Co.)မှ ဦးကျော်ကျော်ဝင်းတို့က စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အခြေအနေနှင့် တောင်သူလယ်သမားများသို့ ငွေကြေးပံ့ပိုးထုတ်ပေးနိုင်မည့် အစီအစဉ်စာတမ်းကိုလည်းကောင်း၊ မြန်မာနိုင်ငံဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဦးသိန်းဇော်က စိုက်ပျိုးထုတ်လုပ်မှုစရိတ်အတွက် ငွေကြေးအရင်းအနှီးလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်စာတမ်းကိုလည်းကောင်း တင်သွင်းဆွေးနွေးကြသည်။

ပြန်လည်ဆွေးနွေး

အဆိုပါ တင်သွင်းဆွေးနွေးကြသည့် စာတမ်းများအပေါ် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဆန်စပါးအထူးပြုကုမ္ပဏီများနှင့် ပြည်ပသို့ဆန်တင်ပို့နေကြသော ကုမ္ပဏီလုပ်ငန်းရှင်များ၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ကိုယ်စားလှယ်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးတို့မှ ပြည်နယ်နှင့်တိုင်းမန်နေဂျာများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့က ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ဆွေးနွေးကြပြီး ညနေပိုင်းတွင် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ခန္တီးမြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ၁၀ရက်နံနက်ပိုင်းတွင် ခန္တီးမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက သင်တန်းသားလူငယ်များအတွက် စာရေးကိရိယာများနှင့် အားကစားပစ္စည်းများကိုလည်းကောင်း၊ တိုင်းမှူးက ထောက်ပံ့ငွေများကိုလည်းကောင်း ကျောင်းအုပ်ကြီးနှင့် ကျောင်းသားကိုယ်စားလှယ်တို့ထံ ပေးအပ်သည်။

တွေ့ဆုံ

ယင်းနောက် ခန္တီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လူမှုရေးအသင်းအဖွဲ့များအား ထောက်ပံ့ပစ္စည်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် ဆေးပဒေသာပင်အတွက် ထောက်ပံ့ငွေများကိုလည်းကောင်း၊ တိုင်းမှူးက အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများအတွက် စာရေးကိရိယာများနှင့် ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို လည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ခန္တီးမြို့ မြို့မရပ်ကွက်ရှိ မြို့ရေပေးဝေရေး ရေကန်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ခန္တီးတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ အမှာစကား ပြောကြားပြီး စစ်သည်မိသားစုဝင်များအတွက်ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃) ခန္တီးလေဆိပ်လေယာဉ်ပြေးလမ်းတိုးချဲ့ရေးစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းအင်ဂျင်နီယာမှူးက ထမံသီ-လေရှီးလမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ အင်ဂျင်နီယာမှူးက လေယာဉ်ကွင်းတိုးချဲ့ရေးစီမံကိန်းဆိုင်ရာအချက်အလက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း၊ လမ်းဖောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၁)မှ အင်ဂျင်နီယာမှူးက သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းနှင့် လမ်းတစ်လျှောက်ရှိ တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ခန္တီးခရိုင်အင်ဂျင်နီယာမှူးက ခန္တီး-ပင်းမ-ထမံသီ-လေရှီးလမ်းလုပ်ငန်းများနှင့် ရေနီမ့်တံတားများတည်ဆောက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ခန္တီးမြို့ မိုင်းနောင်ကျေးရွာသို့ ရောက်ရှိပြီး အခြေခံပညာ မူလတန်းကျောင်း၌ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ကျေးရွာ၏ စိုက်ပျိုးရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ကျေးရွာရှိ ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများကို တာဝန်ရှိသူထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များသည် ခန္တီး-ပင်းမလမ်း ရေနီမ့်တံတား တည်ဆောက်ထားရှိမှုနှင့် လမ်းဖောက်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ထိုမှတစ်ဆင့် ခန္တီး-ဟုမ္မလင်းလမ်း ပင်မလမ်းခွဲ ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ထမံသီကျေးရွာ တိုက်နယ်ဆေးရုံအတွက် ဆေးဝါးပစ္စည်းများနှင့် ပင်းမကျေးရွာရှိကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ခန္တီးမြို့ မြို့မရပ်ကွက်ရှိ မြို့ရေပေးဝေရေးရေကန်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေဝင်ရောက်နိုင်

ရန်ကုန် မေ ၁၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် တနင်္သာရီတိုင်းသို့ ဝင်ရောက်လျက်ရှိသည်။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ မြင်းခြံမြို့၊ ညောင်ဦးမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၂ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ တံတားဦးတွင် ၃ဒသမ၂၃လက်မ၊ ရွှေဘိုမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၂ဒသမ၁၃လက်မစီ၊ ကန့်ဘလူမြို့တွင် ၂ဒသမ၀၈လက်မနှင့် ကျောက်ဆည်မြို့တွင် ၂ဒသမ၀၅လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၁၆ရက်ညနေအထိခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဆက်လက်ဝင်ရောက်နိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မေလ တတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာကျဲကျဲနှင့် နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၅-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + အင်္ဂလိမာလသုတ်၊ ဇောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ဂုဏ်ပြုချီးကျူးစွမ်းရည်ထူး** တရားတော်(ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၆:၅၀	မြသိတင်နှင့်တပြင်မခြား ရွှေယွန်းနားဝယ်
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၂)
၈:၃၀	ACT အေးချမ်းသာပရဟိတကျောင်း
၉:၁၀	Sports World
၉:၃၀	မွန်တို့မြေမှ ရှေးဟောင်းအမွေအနှစ်တို့ တည်ရှိရာ
၉:၅၀	သူ့ဘဝ သူ့လက်ရာ (Artist Win Myint Moe)
၁၀:၀၀	သဘာဝအစားအစာများ **ရှားစောင်းလက်ပပ်ယိုနှင့် ဖျော်ရည်**
၁၀:၃၀	သွားမယ် စားမယ် (The Cup Corner)
၁၀:၄၅	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၁:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၃၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁၁:၅၀	Movie Mistakes (Casino Royale)
၁၂:၀၀	အလှမျိုးစုံလင်တောင်လေ့ကား မြို့တော်တစ်ခွင်
၁၂:၂၀	တေးဂီတအစီအစဉ်
၁၂:၃၅	ဆေးသုတေသန(အောက်မြန်မာပြည်၏အောင်မြင်မှု (မြွေပွေးဆိပ်ဖြေဆေး)
၁:၀၀	**ဂုဏ်ပြုချီးကျူးစွမ်းရည်ထူး** တရားတော်(ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival (Hip Hop)
၃:၁၅	ရာဇဝင်မြစ်ကမ်းပေါ်မှာ… နားခိုရာ
၃:၄၅	တေးဂီတအစီအစဉ်
၄:၀၀	Activities in The City (မိုးကုတ် ကျောင်းသူ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ)
၄:၁၅	MRTV-4 ကာတွန်းအစီအစဉ်
၄:၄၅	နယ်ဉ်ဆန်းထွင်သစ်သီးအလှဆင် (ပန်းသီးဖြင့် ဘဲငန်းပုံနှင့် သစ်ရွက်ပုံဖော်ခြင်း)
၅:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၃၀	Sports World
၆:၀၀	MRTV-4 သတင်း
၆:၁၅	Fashion Music Festival (Hip Hop)
၆:၄၅	သဘာဝကပေးတဲ့အကျိုးအာနိသင်
၇:၀၅	Movie Mistakes (Casino Royale)
၇:၂၀	သွားမယ် စားမယ် (The Cup Corner)
၇:၄၀	လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၈:၀၀	MRTV-4 သတင်း
၈:၁၅	သူ့ဘဝ သူ့လက်ရာ (Artist Win Myint Moe)
၈:၂၅	ကဏ္ဍစုံလင်အားကစားအစီအစဉ် Newcastle Vs Fulham (Live)
၁၀:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၀:၄၅	ဆေးသုတေသန(အောက်မြန်မာပြည်၏ အောင်မြင်မှု (မြွေပွေးဆိပ်ဖြေဆေး)
၁၁:၀၅	Worlds 0f Knowledges (Supa Strikas) (Part-1)
၁၁:၂၅	Sports World
၁၁:၅၅	Activities in The City (မိုးကုတ်ကျောင်းသူ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ)
၁၂:၁၀	လျှပ်စစ်အန္တရာယ်အသိပညာနှင့် ကာကွယ် ဦးပြည့်စိုးနှင့်တွေ့ဆုံခြင်း
၁၂:၃၅	မွန်တို့မြေမှ ရှေးဟောင်းအမွေအနှစ်တို့ တည်ရှိရာ
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League (37) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၁၀	Man U - Arsenal	ESPN (Live)
၈:၂၅	Newcastle - Fulham	ESPN (Live)
	Bolton - Hull City	STAR SPORT (Live)
၁၀:၃၀	Stoke City - Wigan	STAR SPORT (SDD)
၁၁:၀၀	Middlesbrough - Aston Villa	ESPN (SDD)

ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦးဥက္ကဋ္ဌနှင့်အဖွဲ့ ချစ်ကြည်ရေးခရီးရောက်ရှိ

ရန်ကုန် မေ ၁၅

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr. Huynh Dam ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် မေ ၁၃ရက် ညနေ ၆နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦးဥက္ကဋ္ဌ H.E. Mr. Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်သိန်းလင်းနှင့် ဦးသန်းဌေး၊ ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချူကုန်းဖုန်နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပုဂံမြို့နှင့် လွမ်ဘရာဘန်မြို့နှစ်မြို့အား ညီအစ်မမြို့တော်ပြုရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၅

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Mr. Mounkeo ORABOUN နှင့် ဇနီး Mrs. Vilayvieng PHIMMASONE တို့သည် အဖွဲ့ဝင်များလိုက်ပါလျက် ရန်ကုန်မြို့မှတစ်ဆင့် ပုဂံညောင်ဦးမြို့သို့ မေ၁၂ရက် နံနက် ၇နာရီခွဲတွင် ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ဇနီး ဒေါ်ခင်ပြုံးတို့က ကြိုဆိုကြသည်။

လှူဒါန်း

ဧည့်သည်တော်ဝန်ကြီးနှင့် အဖွဲ့သည် ညနေ ၃နာရီတွင် အာနန္ဒာဂူဘုရား၊ ဓမ္မရံကြီး ဂူဘုရား၊ ဝက်ကြီးအင်းဂူပြောက်ကြီးဘုရားနှင့် ရွှေစည်းခုံစေတီတို့သို့ သွားရောက်လေ့လာဖူးမြော်၍ အလှူငွေများ လှူဒါန်းကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့အား ညပိုင်းတွင် ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ညစာစားပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

လက်မှတ်ရေးထိုး

မြန်မာနိုင်ငံ ပုဂံမြို့နှင့် လာအိုနိုင်ငံ လွမ်ဘရာဘန်မြို့နှစ်မြို့အား ညီအစ်မမြို့တော်ပြုရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မေ ၁၃ရက် နံနက်၁၀နာရီတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက် အထူးဧည့်ခန်းမဆောင်၌ ကျင်းပရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းနှင့် လွမ်ဘရာဘန်မြို့တော်ဝန် Mr. Singkham PHOMM ALATH တို့က လက်မှတ်ရေးထိုးကြပြီး ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဧည့်သည်တော် ဝန်ကြီး Mr. Mounkeo ORABOUN နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဧည့်သည်တော်ဝန်ကြီးနှင့် အဖွဲ့သည် ပုဂံရှေးဟောင်းသုတေသနပြတိုက်၊ အနော်ရထာမင်းကြီး၏ ပုဂံနန်းတော်ရာပြတိုက်နှင့် သီရိဇေယျာဘူမိပုဂံရွှေနန်းတော်ကြီးတို့ကို လေ့လာကြည့်ရှုကြပြီး ဝန်ကြီးက ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။ ညနေပိုင်းတွင် ညောင်ဦးမြို့ ဝက်ကြီးအင်းအရပ်ရှိ ယွန်းထည်လက်မှုအနုပညာပစ္စည်းဆိုင်သို့ သွားရောက်လေ့လာကြပြီး မြင်းကပါဂူပြောက်ကြီးဘုရား၊ စူဠာမဏိဂူဘုရား၊ ပြာသာဒ်ကြီးဂူဘုရားများသို့လည်း သွားရောက်လေ့လာကြည်ညိုကြသည်။

လေ့လာကြည့်ရှု

ဧည့်သည်တော်ဝန်ကြီးနှင့် အဖွဲ့သည် မေ ၁၄ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ပြန်လည်ထွက်ခွာ

ဧည့်သည်တော် ဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၅ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယင်းမာပင်မြို့နယ် ဝါမျိုးစုံစီမံကိန်း တာဝန်ပေးအပ်ပွဲကျင်းပ

ယင်းမာပင် မေ ၁၅

မုံရွာခရိုင် ယင်းမာပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သာယာအေးခန်းမ၌ ဧပြီ၂၄ရက် နံနက်၉နာရီက ၂၀၀၉-၂၀၁၀ခုနှစ် ဝါမျိုးစုံ စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာဥက္ကဋ္ဌများနှင့် စာရေးများ၊ ဝါစိုက်တောင်သူများ တက်ရောက်ကြသည်။

လက်ခံ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က အမှာစကားပြောကြားပြီး ဝါနှင့်ပိုးချည်လုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးဇော်မင်းထွန်းက ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာအုပ်စု ၄၂အုပ်စုအတွက် ဝါမျိုးစုံစီမံကိန်း တာဝန်များကို မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်ကပေးအပ်ရာ အုပ်စု ၄၂အုပ်စု ကိုယ်စား ဇီးတောကျေးရွာဥက္ကဋ္ဌ ဦးကြည်ရွှေက လက်ခံယူသည်။

တာဝန်ပေးအပ်

ဆက်လက်ပြီး ၂၀၀၈-၂၀၀၉ခုနှစ် ဝါစိုက်တောင်သူများအနက်မှ ဝါအထူးအထွက်တိုးရရှိအောင် စိုက်ပျိုးခဲ့သော စံပြဝါစိုက်တောင်သူ ငါးဦးအား မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ဝါလုပ်ငန်းမန်နေဂျာတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ထပ်မံပူးပေါင်းရောက်ရှိ

KNU ဗဟိုအထူးတပ်ရင်း(၂၀၁)မှ ဗိုလ်ကြီးအဆင့်ရှိ စောစိန်မောင်ဌေး၊ ဦးစီးတပ်ရင်း(၂၀၁)နှင့် တပ်ရင်း(၁၆)မှ တပ်ဖွဲ့ဝင်အင်အား ၁၄ဦး၊ မိသားစုဝင် ၂၃ဦး စုစုပေါင်းအင်အား ၃၇ဦးတို့ လက်နက်ငယ် ၁၀လက်၊ ခဲယမ်းမျိုးစုံနှင့် အတူ ထို့ကော်ကိုးကျေးရွာသို့ ထပ်မံပူးပေါင်း ရောက်ရှိလာကြစဉ်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

လာရောက်ပူးပေါင်း

နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည်ယုံကြည်လာသဖြင့် KNU အဖွဲ့မှ စောနေစိုးမြ ဦးစီးတပ်ဖွဲ့ဝင်/ မိသားစုဝင် ၁၅၉ ဦးသည် လက်နက်ငယ်များနှင့်အတူ မတ် ၃၀ရက်တွင် KNU/ KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့ရှိရာ ထို့ကော်ကိုးကျေးရွာသို့ လာရောက်ပူးပေါင်းခဲ့ပြီးဖြစ်သည်။

တွေ့မြင်သိရှိ

ထိုသို့လာရောက်ပူးပေါင်းခဲ့သော စောနေစိုးမြအဖွဲ့အား နိုင်ငံတော်မှ စောင့်ရှောက်ပေးထားခဲ့မှုများကို တွေ့မြင်သိရှိလာခြင်း၊ တောတွင်းလက်ကျန် KNU အဖွဲ့များအတွင်း သဘောထားကွဲလွဲမှုများဖြစ်ပေါ်နေခြင်း၊ တောခိုလက်နက်ကိုင်လမ်းစဉ်သည် ဒေသခံပြည်သူများအပေါ် အကျိုးမရှိကြောင်း နားလည်ယုံကြည်လာခြင်းတို့ကြောင့် KNU ဗဟိုအထူးတပ်ရင်း (၂၀၁)မှ ဗိုလ်ကြီးအဆင့်ရှိ စောစိန်မောင်ဌေး၊ ဦးစီးတပ်ရင်း (၂၀၁)နှင့် တပ်ရင်း(၁၆)မှ တပ်ဖွဲ့ဝင်အင်အား ၁၄ ဦး၊ မိသားစုဝင် ၂၃ ဦး စုစုပေါင်းအင်အား ၃၇ ဦးသည် လက်နက်ငယ် ၁၀လက်၊ ခဲယမ်းမျိုးစုံနှင့်အတူ မေ ၁၃ရက်တွင် စောထိန်မောင်၊ စောနေစိုးမြအဖွဲ့ တည်ရှိရာ ထို့ကော်ကိုးကျေးရွာသို့ ထပ်မံပူးပေါင်းရောက်ရှိလာခဲ့ကြောင်း သိရှိရသည်။

ပံ့ပိုးကူညီ

တရားဥပဒေဘောင်အတွင်းသို့ ထပ်မံရောက်ရှိလာသော စောစိန်မောင်ဌေးနှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက လိုအပ်သည့်ထောက်ပံ့ကူညီမှုများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ “ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး” အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

TODAY စာအုပ်ဆိုင်များမှ ကလေးသူငယ်ဆိုင်ရာစာအုပ်များ အထူးဈေးရောင်းပွဲ

ရန်ကုန် မေ ၁၅

ရန်ကုန်မြို့ရှိ TODAY စာအုပ်ဆိုင်များ၌ ကလေးသူငယ်များ စာဖတ်အားတိုးပွားစေရန် ရည်ရွယ်၍ မေ ၁၅ရက်မှ ဇွန် ၁၅ရက်အထိ TODAY စာအုပ်တိုက်၊ Quality စာအုပ်တိုက်နှင့် ပြည့်စုံစာအုပ်တိုက်တို့မှ ထုတ်ဝေသော ကလေးသူငယ်ဆိုင်ရာ စာအုပ်များကို ၁၀ ရာခိုင်နှုန်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အိုးထရက်ဖို့ဒ်မှာ ဖာဂူဆန်နဲ့ အာစင်ဝင်းဂါးတို့ ယနေ့ပြန်ဆုံကြပြန်ပြီ

ရေးသားတင်ပြသူ-မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

လန်ဒန် မေ ၁၅

ပရီမီယာလိဂ်ပွဲစဉ်(၃၇)အဖြစ် မန်ယူနဲ့အာဆင်နယ်တို့ မေ၁၆ရက်(ယနေ့)မှာ စတင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ ပရီမီယာလိဂ်ဖလားရယူရေး မန်ယူအတွက် အရေးကြီးသလို အာဆင်နယ်အတွက်ကလည်း မိမိတို့နဲ့ကစားပြီး မန်ယူပရီမီယာလိဂ်ရယူသွားတယ်ဆိုတဲ့ မှတ်တမ်းတင်မခံရအောင် ကြိုးစားသွားမှာဖြစ်ပါတယ်။

ဒီနှစ် ဘောလုံးရာသီမှာတော့ မန်ယူနဲ့ အာဆင်နယ်တို့ဟာ တကယ့်အရေးကြီးတဲ့ ပွဲစဉ်တိုင်း ရင်ဆိုင်ကြုံတွေ့နေကြရတာမို့ ရေစက်ဆုံတယ်လို့ပဲ ဆိုရမှာဖြစ်ပါတယ်။ မန်ယူနဲ့ အာဆင်နယ်ဟာ ဒီနှစ်ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲမှာ ရင်ဆိုင်ကြုံတွေ့ခဲ့ကြပြီး နှစ်ကျော့စလုံး မန်ယူက အနိုင်ယူခဲ့တာမို့ အာဆင်နယ်တို့ ချန်ပီယံလိဂ်ဖလား မျှော်လင့်ချက်တွေ ရေစုန်မျောခဲ့ရပါတယ်။

“အောင်ပွဲခံဖို့ အသင့်ဖြစ်နေပြီ”
နည်းပြ ဖာဂူဆန်

“မန်ယူကို ယှဉ်နိုင်ပါတယ်”
နည်းပြ အာစင်ဝင်းဂါး

ခြေကုန်ဖွင့်

ဒီနေ့ကစားမယ့် မန်ယူရဲ့ ပရီမီယာလိဂ်ဖလားရယူရေး အဆုံးအဖြတ်ပွဲစဉ်မှာလည်း အာဆင်နယ်နဲ့ လာတိုးနေတာမို့ ဒီပွဲစဉ်မှာတော့ အာစင်ဝင်းဂါး ရှိသမျှအင်အားတွေ ပုံအောပြီး သူ့ကစားသမားတွေကို ခြေကုန်ဖွင့် ကစားခိုင်းတော့မှာ ဖြစ်ပါတယ်။

ချီတက်

ဒီလိုပါပဲ မန်ယူအနေနဲ့ကလည်း မေ၂၇ရက်မှာ ချန်ပီယံလိဂ်ဖလား ဗိုလ်လုပွဲရှိနေတာမို့ ဒီနေ့ကစားမယ့် အာဆင်နယ်ပွဲကို အပြတ်ကစားပြီး ပရီမီယာလိဂ်ဖလားကို လက်ဝယ်ပိုက်လို့ ချန်ပီယံလိဂ်ဖလားဆက်ပြီး ဆွတ်ခူးရေးအတွက် စိတ်အေးလက်အေးနဲ့ အီတလီနိုင်ငံ ရောမမြို့ကို ဖာဂူဆန်တို့လူသိုက် ချီတက်ကြမှာ ဖြစ်ပါတယ်။

ရင်ခုန်နေ

ဒါကြောင့် ဒီနေ့ ယှဉ်ပြိုင်ရမယ့် ပွဲစဉ်နဲ့ပတ်သက်ပြီး ဖာဂူဆန်က “ဒီပွဲအပြီးမှာ အောင်ပွဲခံဖို့ ကျွန်တော်တို့ အသင့်ဖြစ်နေပါပြီ။ ပရီမီယာလိဂ် ဖလားသုံးနှစ်ဆက် ချန်ပီယံအဖြစ် ကျွန်တော်တို့ ရင်ခုန်နေပါပြီ။ ဒီပွဲစဉ်ဟာ သိပ်အရေးကြီးပါတယ်။ ကျွန်တော့်အနေနဲ့ အင်အားအပြည့်ထုတ်သုံးမှာပါ။ ဖာဒီနန် ခြေသလုံးကြွက်သားဒဏ်ရာ ရနေလို့ ပါဝင်နိုင်မှာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီပွဲစဉ်နဲ့ပတ်သက်ပြီး ကျွန်တော်အားလုံး ပြင်ဆင်ပြီးပါပြီ”လို့ ပြောကြားလိုက်ပါတယ်။

အကောင်းဆုံးပွဲ

အိုးထရက်ဖို့ဒ်ကွင်းမှာ မန်ယူနဲ့ ရင်ဆိုင်ကစားရမယ့် အာဆင်နယ်အသင်းနဲ့ပတ်သက်ပြီး အာစင်ဝင်းဂါးကလည်း “မန်ယူအသင်းရဲ့ကစားအားကို ကျွန်တော်သိထားပါတယ်။ ဒါပေမယ့် ဒီနှစ် ကျွန်တော်တို့ အိမ်ကွင်းမှာ မန်ယူကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့တာ မမေ့သင့်ပါဘူး၊ ကျွန်တော့်လူတွေရဲ့ ခြေစွမ်းဟာ ပရီမီယာလိဂ်မှာတော့ မန်ယူကို ယှဉ်နိုင်ပါတယ်။ ဒီပွဲဟာ ဒီနှစ်ပရီမီယာလိဂ်မှာတော့ အကောင်းဆုံးပွဲအဖြစ် မြင်တွေ့ရမှာပါ”လို့ ပြောကြားထားပါတယ်။

ဖိဖိစီးစီး

မန်ယူအသင်းဟာ ဒီနှစ်မှာ ကမ္ဘာ့ကလပ်ချန်ပီယံ၊ ဥရောပကလပ်ချန်ပီယံနဲ့ ပရီမီယာလိဂ် ချန်ပီယံအဖြစ် သမိုင်းမှတ်တမ်းတင်မှာဖြစ်လို့ အာဆင်နယ်အသင်းကို အိုးထရက်ဖို့ဒ်ကွင်းမှာ ဖိဖိစီးစီးနဲ့အနိုင်ရအောင်ကစားမှာဖြစ်ပါတယ်။

နောက်ဆုံးသတင်းတွေအရ ဒီနေ့ပွဲစဉ်မှာ မန်ယူနောက်ခံလူ ဖာဒီနန်ပါဝင်မကစားနိုင်ပေမယ့် မန်စီးတီးနဲ့ ဝီဂန်ပွဲတွေမှာ ဂိုးသွင်းနိုင်ခဲ့တဲ့ တီဗက်ဇ်ကို ပွဲအစကတည်းက ထုတ်သုံးမယ်လို့ ဆိုပါတယ်။ ဒီပွဲမှာ မန်ယူအနေနဲ့ဗန်ဒါဆား၊ ရာဖေးလ်၊ အိုရှေး၊ ဗီဒစ်၊ အီဗန်၊ အီဗရာ၊ စီရိုနယ်ဒို၊ ကာရစ်၊ ပေါလ်စခိုး၊ အန်ဒါဆင်၊ ရွန်နေ၊ ဘာဘာတော့ဗ်နဲ့ မာချေဒါတို့ကို ထုတ်သုံးဖို့ ဖာဂူဆန် ရည်ရွယ်ထားတယ်လို့ သတင်းထုတ်ပြန်ထားပါတယ်။



သတင်းထုတ်ပြန်ထား

အာဆင်နယ်ကတော့ အာရှာဗင်ပါဝင်ကစားမှာဖြစ်ပေမယ့် ဂိုးသမားအယ်မူနီရာ ဒူးဒဏ်ရာကြောင့် ပါဝင်မကစားနိုင်ပါဘူး၊ ဒါ့အပြင် ရိုဆစ်စကီး၊ ကလီချေ၊ ဂါးလက်စ်နဲ့ အီဒူရာဒိုတို့ ဒဏ်ရာတွေကြောင့် မပါဝင်နိုင်ပါဘူး။ ပါဝင်ကစားမယ့်သူတွေကတော့ ဖာဘီရန်စကီ၊ တိုရေး၊ ဆီးလ်ဗက်စတား၊ ဂီဘတ်စ်၊ အာရှာဗင်၊ ဖာဘရီဂတ်စ်၊ ဝေါ့ကော့သ်၊ ဗန်ပါစီ၊ အဒီဘာယော၊ နာဆရီ၊ ဘင့်တနာ၊ ဒီနယ်ဆင်၊ ဗီလာနဲ့ ဒီရာဘိုင်တို့ဖြစ်တယ်လို့ အာဆင်နယ်ကလပ်ကသတင်းထုတ်ပြန်ထားပါတယ်။

ဒါကြောင့် ဒီနေ့ကစားမယ့် ပွဲအပြီးမှာ မန်ယူတို့ ပရီမီယာလိဂ်ဖလားကိုင်မြှောက်ပြီး အောင်ပွဲခံနိုင်မှု ရှိမရှိ စောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချန်ပီယံလိဂ်ဗိုလ်လုပွဲ ဖာဒီနန်ပါဝင်ကစားနိုင်မည်

လန်ဒန် မေ ၁၅

မန်ယူခံစစ်မှူး ဖာဒီနန်(အပေါ်ပုံ)သည် ဘာစီလိုနာနှင့်ကစားမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားရန် ကျန်းမာရေး ကောင်းမွန်လာပြီဖြစ်ကြောင်း မန်နေဂျာ ဖာဂူဆန်က ပြောကြားသည်။

ကစားပေးနိုင်မည်

ဗဟိုခံစစ်မှူး ဖာဒီနန်သည် ခြေသလုံးကြွက်သားဒဏ်ရာမှ သက်သာလာပြီဖြစ်သော်လည်း အာဆင်နယ်နှင့်ပွဲလွဲချော်နိုင်ပြီး မေ ၂၇ရက်၌ အီတလီနိုင်ငံ ရောမမြို့တွင်ကစားမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲအတွက် ပါဝင်ကစားပေးနိုင်လိမ့်မည် ဖြစ်ကြောင်း ဖာဂူဆန်ကပြောကြားသည်။

မျှော်လင့်ထား

မိမိအနေဖြင့် ဖာဒီနန်သည် မေ၂၄ရက်တွင်ကစားမည့် ဟူးလ်စတီးအသင်းနှင့်ပွဲ၌ ပါဝင်ကစားရန် မျှော်လင့်ထားကြောင်း မန်နေဂျာ ဖာဂူဆန်က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

အမျိုးသားများနှင့် ယှဉ်ပြိုင်ရသည့်ပွဲ အနိုင်ရလိုဟုမီရှယ်ဝီဆို

နယူးဂျာစီ မေ ၁၅

အမျိုးသမီးဂေါက်သီး အားကစားလောကတွင် နာမည်ကြီးနေသော မီရှယ်ဝီသည် အမျိုးသားများနှင့်အတူ ယှဉ်ပြိုင်ကစားရသည့် ပထမဆုံး အယ်ပီဂျီအေတိုးပြိုင်ပွဲအနိုင်ရဗိုလ်စွဲရန် မျှော်လင့်နေဆဲဖြစ်သည်။ မီရှယ်ဝီသည် ယင်းပွဲတွင် ခြောက်နှစ်တိုင်တိုင် ကြိုးစားခဲ့သော်လည်း အောင်မြင်မှု မရခဲ့ပေ။

အနိုင်ရဗိုလ်စွဲလို

မိမိအနေဖြင့် အယ်လ်ပီဂျီအေတိုးနှင့် မာစတာပြိုင်ပွဲများတွင် အနိုင်ရဗိုလ်စွဲလိုကြောင်း အသက် ၁၉ရှိ မီရှယ်ဝီက ပြောကြားသည်။**(အောက်ပုံ)** သူမသည် ၂၀၀၇ ခုနှစ် ယူအက်စ်ဂျီအေ အမျိုးသမီးပြိုင်ပွဲဖြစ်သည့် ပက်ပလစ်လင့်ပြိုင်ပွဲပြီးနောက် တစ်ကြိမ်မျှ ဗိုလ်စွဲနိုင်ခြင်းမရှိသေးပေ။

(အင်တာနက်)

ရှာရာပိုဗာ

ရှာရာပိုဗာ တင်းနစ်ပြန်ကစားနိုင်တော့မည်

ပါရီ မေ ၁၅

နာမည်ကြီး တင်းနစ်အားကစားမယ် မာရီယာရှာရာပိုဗာက ၄င်းအနေဖြင့် ဒဏ်ရာကြောင့် ရှစ်လကြာတင်းနစ်လောကမှ အနားယူခဲ့ပြီးနောက် မေ ၁၈ရက်တွင် ဝါဆောဒဗလျူတီအေ တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲမှစ၍ ယှဉ်ပြိုင်ကစားလိမ့်မည်ဖြစ်ကြောင်း ကြေညာသည်။

လွဲချော်ခဲ့ရ

ရှာရာပိုဗာသည် ကမ္ဘာ့နံပါတ်တစ် အမျိုးသမီး တင်းနစ်ကစားသမားဟောင်းဖြစ်ပြီး အမျိုးသမီးအားကစားလောကတွင် ဝင်ငွေအကောင်းဆုံးသူဖြစ်သည်။ သို့သော် ပခုံးဒဏ်ရာကြောင့် ပြီးခဲ့သည့်နှစ်က ဝင်ဘယ်ဒန်၊ ယူအက်စ်အိုးပင်းနှင့် ယခုနှစ်ဩစတြေးလျ အိုးပင်းပြိုင်ပွဲများနှင့် လွဲချော်ခဲ့ရသည်။ သူမသည် လွန်ခဲ့သောသီတင်းပတ်အချို့က တင်းနစ်လောကသို့ပြန်လာရန် အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ရသည်။ မိမိအနေဖြင့် ပိုလန်နိုင်ငံ ဝါဆောမြို့၌ ကစားမည့်ပြိုင်ပွဲအတွက် ပါဝင်ကစားနိုင်မည်ဖြစ်၍ အလွန်ပျော်ရွှင်မိကြောင်း အသက်(၂၂)နှစ်ရှိ ရုရှားတင်းနစ်မယ်က ပြောကြားသည်။ (အင်တာနက်)

မက်ဒရစ်မာစတာဖလား မော်ရက်စမို အကြိုဗိုလ်လုမည်

မက်ဒရစ် မေ ၁၅

ပြင်သစ်တင်းနစ် အားကစားမယ် မော်ရက်စမိုသည် မက်ဒရစ်မာစတာဖလား တင်းနစ်ပြိုင်ပွဲတွင် ဟန်ဂေရီမှ အက်နက်ဆာဗေးအား ၅-၇၊ ၆-၁၊ ၆-၁ ဖြင့် နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်သည်။

ဂရင်းဆလမ်နှစ်ကြိမ် ဆွတ်ခူးခဲ့ဖူးသည့် မော်ရက်စမိုသည် အကြိုဗိုလ်လုပွဲတွင် ဆယ်ကျော်သက် ဒိန်းမတ်တင်းနစ်အားကစားမယ် ကာရိုလိုင်းဝိုဇ်ဇီယာကီနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

ဆုံတွေ့ဖွယ်

ပြိုင်ပွဲတွင် အနိုင်ရခဲ့၍ ပျော်ရွှင်ဝမ်းမြောက်မိကြောင်း မော်ရက်စမိုက ပြောကြားသည်။ ကမ္ဘာ့နံပါတ်တစ် ဆာဖီနာသည် ယူကရိန်းမှ အလွန်နာဘွန်ဒါရင်ကိုအား ၆-၄၊ ၆-၃ ဖြင့် နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာသည်။ ဗိုလ်လုပွဲတွင် မော်ရက်စမိုနှင့် ဆုံတွေ့ဖွယ်ရှိသည်။

(အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

တိုက်စစ်မှူးမိုက်ကယ်အိုဝင် နယူးကာဆယ်မှမထွက်ခွာဟုဆို

လန်ဒန် မေ ၁၅

အင်္ဂလန်နှင့် နယူးကာဆယ် တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ယခုနှစ်ရာသီအကုန်တွင် ဘောလုံးလောကမှ အနားယူတော့မည်ဆိုသည့် ကောလာဟလမှာ မဟုတ်မမှန်ကြောင်း ငြင်းဆိုလိုက်သည်။

လူစားအဖြစ်သာ

အသက် ၂၉နှစ်ရှိ မိုက်ကယ်အိုဝင်သည် ဇန်နဝါရီလနောက်ပိုင်း တစ်ဂိုးမျှ သွင်း ယူပေးနိုင်ခဲ့ခြင်းမရှိပေ။ပြီးခဲ့သည့် သီတင်းပတ်က မစ်ဒယ်ဘရော့အသင်းနှင့် ကစားရာတွင် လူစားအဖြစ်သာ ဝင်ရောက်ကစားခွင့်ရခဲ့သည်။ **(အင်တာနက်)**

LCCI Level I, II, III ရှိပြီး/အောင်မြင်ထားသူများ
B.B.M, B.B.A, B.Com, B.Econ, B.Act ဘွဲ့ရများနှင့်
ဘဏ္ဍာရေးစီမံခန့်ခွဲမှုပညာသိရှိနားလည်လိုသူများအတွက်

Financial Management Diploma (ABE)

ငွေရတုမင်္ဂလာဆုတောင်း

တောင်ငူမြို့နေ ချစ်ပါပါ ဒေါက်တာနေမျိုးမင်းနှင့် ချစ်မာမီ ဒေါ်မြင့်မြင့်ဌေး တို့၏ ၁၆–၅–၂၀၀၉ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်ရတုအဆက်ဆက်တိုင် မိသားစုနှင့်အတူ သက်ရှည်ကျန်းမာ ပျော်ရွှင်စွာဖြင့် ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေ။

ချစ်သမီး – ဒေါက်တာမျိုးပွင့်ဖြူ M.B.,B.S, (Magway)

ချစ်သား – မောင်ရွှန်းပြည့်မင်း 3rd M.B၊ ဆေးတက္ကသိုလ်(၁)။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၂/ကံဘဲ့)၊ မြေကွက်အမှတ်(၆/စ)၊ အမှတ်(၁၉/၆)၊ မြေ ၂၊ ကန်ရိပ်သာလမ်း၊ မောင်မြင့်သန်းအမည်ပေါက်လျက်ရှိသော မြေပိုင်မြေ လ/နှ(ခ)မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ် စာချုပ်အမှတ်၄၀၁/၈၀(၅-၈-၈၀)၊ စွန့်လွှတ်စာချုပ်အမှတ် ၇၇၃/၈၁ (၂၃-၁၁-၈၁)၊ အရောင်းအဝယ် စာချုပ်အမှတ် ၁၀၇၃/၈၅ (၂၅-၁၀-၈၅)တို့ဖြင့် ဦးစောဖေ၊ ဒေါ်ညွှန့်ညွှန့်တို့မှ ပိုင်ဆိုင်လာပြီး ၎င်းတို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသည့် ဒေါ်ခင်စမ်းမြင့် ၁၂/လမတ (နိုင်) ၀၂၀၁၆၂၊ ဒေါ်ခင်မာလာ ၁၂/မရက (နိုင်) ၀၇၂၃၇၄၊ ဒေါ်ခင်သက်မာ ၁၂/မရက(နိုင်) ၀၆၈၈၈၇၊ ဦးထွန်းနိုင် ၁၂/စခန (နိုင်) ၀၂၀၆၃၉တို့မှ စာချုပ် အဆက်အစပ်များ၊ ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ရန်တို့အတွက် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁) သတ္တမတန်း (B)မှ မဥမ္မာဟယ်လင်ရိုင်း၏ ဖခင်အမည်မှန်မှာ ဦးဂျာယာ ဗဟာဒူး ၁၃/ကမန(နိုင်)၀၆၈၂၃၈ ဖြစ်ပါသည်။

အမည်ဖြည့်စွက်ခြင်း

မြစ်ကြီးနားမြို့၊ အထက(၃) နဝမတန်း(A)မှ အဖ ဦးစိန်တင်၏သမီး မခင်ခင်နွယ်အား မခင်ခင်နွယ်(ခ) မတင်မေမေထွန်းဟု ဖြည့်စွက်ခေါ်ပါရန်။ **မခင်ခင်နွယ်(ခ)မတင်မေမေထွန်း။**

MNL CUP ပြိုင်ပွဲကန့်လန့်ကာအဖွင့်မှာ ဘယ်အသင်းမျက်နှာပန်းလှမှာလဲ

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ဖိုးသော်ဇင် —— စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၅

မြန်မာ့ဘောလုံးလောက တိုးတက်အောင်မြင်ရေးအတွက် အဓိကကျလှတဲ့ ပရိုစနစ်သို့ ကူးပြောင်းပြီးနောက်ပိုင်း မြန်မာပြည်သူများ မျှော်လင့်စောင့်စားနေကြတဲ့ MNL CUP (Grand Royal 2009) ဘောလုံးပြိုင်ပွဲကတော့ မေ ၁၆ ရက် **(ယနေ့)**မှာ စတင်ကျင်းပတော့မှာဖြစ်တယ်။ ဒီ MNL CUPပြိုင်ပွဲဟာ မြန်မာ့ဘောလုံးလောက ပရိုစနစ်သို့ ကူးပြောင်းပြီး ပထမခြေလှမ်းလို့လဲ ပြောလို့ရပါတယ်။

ရန်ကုန်ယူနိုက်တက် F.C အသင်းမှ ပွဲဦးထွက် အနိုင်ရရှိရန် ဤကဲ့သို့ လေ့ကျင့်ခဲ့ကြသည်။ (မြန်မာ့အလင်း)

ပွဲဦးထွက်

ခမ်းနားထည်ဝါတဲ့ ဖွင့်ပွဲအခမ်းအနားတွေနဲ့အတူ ဖွင့်လှစ်မယ့် MNL CUP ပြိုင်ပွဲရဲ့ ဖွင့်ပွဲမှာ ပွဲဦးထွက်ရင်ဆိုင်တွေ့ကြမယ့် နှစ်သင်းကတော့ ပြင်ဆင်မှုအားကောင်းကောင်းနဲ့ အောင်မြင်မှုရရှိဖို့ ပြင်ဆင်ထားကြတဲ့ စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာရွှေမြေ F.C နဲ့ ရန်ကုန်တိုင်း ကိုယ်စားပြု ရန်ကုန်ယူနိုက်တက် F.C တို့ပဲဖြစ်ပါတယ်။ ဒီနှစ်သင်းစလုံးဟာ နည်းပြဆရာကောင်း၊ ကစားသမားကောင်းများစွာ ပိုင်ဆိုင်ထားကြတဲ့ အသင်းတွေဖြစ်လို့ ဘယ်အသင်း အသာရမလဲဆိုတာ ခန့်မှန်းရခက်ခဲတာ အမှန်ပါပဲ။ အသင်းကိုဦးဆောင်နိုင်တဲ့ ကစားသမားတွေ၊ ပွဲအဖြေပြောင်းလဲနိုင်တဲ့ ကစားသမားတွေ ပိုင်ဆိုင်ထားကြတာကြောင့် ပွဲအတွင်း အမှားများတဲ့အသင်း၊ အခွင့်အရေးတွေကို မိမိရရ အသုံးချနိုင်ခြင်းမရှိတဲ့အသင်းကတော့ ရမှတ်တွေ ဆုံးရှုံးသွားနိုင်ပါတယ်။ ဒါကြောင့် ဇေယျာရွှေမြေနဲ့ ရန်ကုန်ယူနိုက်တက်တို့ ဘယ်အသင်းတွေ မျက်နှာပန်းလှမှာလဲဆိုတာ မြန်မာဘောလုံးပရိသတ်တွေ စောင့်ကြည့်နေကြပါတယ်။

ပါဝင်ကစားဖွယ်

ဇေယျာရွှေမြေအသင်းမှာ ဇော်လင်းထွန်း၊ ရာဇာဝင်းသိန်း၊ မင်းသူ၊ အောင်မျိုးသန့်၊ ဇော်မိုးထက် **(ဂိုး)**၊ မျိုးဇော်ထွန်း၊ စည်သူသန်း၊ အောင်မိုး စတဲ့ လက်ရွေးစင်ကစားသမားတွေ ပွဲထွက်လာဖို့ရှိနေပြီး ရန်ကုန်ယူနိုက်တက်အသင်းမှာလည်း အောင်အောင်ဦး**(ဂိုး)**၊ မျိုးမင်းထွန်း၊ တင်ဝင်းအောင်၊ ကျော်သူရ၊ စိုးလင်းထွန်း၊ နိုင်ဦးလွင်၊ ဌေးအောင် စတဲ့ ကစားသမားတွေ ပါဝင်လာဖွယ်ရှိနေပြီး ခေါ်ယူစာချုပ်ထားတဲ့ ပြည်ပကစားသမား သုံးဦးလည်း ပါဝင်ကစားဖွယ်ရှိနေပါတယ်။ ဇေယျာရွှေမြေ F.C နည်းပြချုပ် ဦးဉာဏ်ဝင်းကတော့ ပွဲဦးထွက်ပွဲမတိုင်မီ အခုလို ပြောကြားထားခဲ့ပါတယ်။

"ကျွန်တော် ဇေယျာရွှေမြေအသင်းကို ၈၀ ရာခိုင်နှုန်း အားရပါတယ်။ ရာခိုင်နှုန်းအပြည့်တော့ ကျေနပ်အားရမှု မရှိသေးပါဘူး။ ကျွန်တော်တို့ရဲ့ အဓိကပြိုင်ဘက်ဟာ ခုနစ်သင်းစလုံးပါပဲ။ ဒီထဲက လေးသင်းလောက်ကတော့ တော်တော်လေး တောင့်တောင့်တင်းတင်းဖြစ်တာကို တွေ့ရပါတယ်။ ကျွန်တော်တို့အသင်းဟာ တောင့်တင်းတဲ့ အသင်းတွေနဲ့ ဆက်တိုက်ကစားရမှာဆိုတော့ ပေါ့ပေါ့ဆဆ မပြင်ဆင်ပါဘူး။ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ စိုးရိမ်စိတ်နဲ့တော့ မပြင်ဆင်ပါဘူး။ ၄-၄-၂ ကစားကွက်ကို အခြေခံကစားမှာဖြစ်ပြီး ရာဇာဝင်းသိန်းကိုတော့ နေရာ ပုံသေမထားဘဲ လွတ်လွတ်လပ်လပ်ကစားခွင့် ပေးထားပါတယ်။ စီးပွား/ကူးသန်းအသင်းက လိုအပ်တဲ့အစိတ်အပိုင်းတွေကိုယူပြီး အသစ်ခေါ်ယူထားတဲ့ ကစားသမားတွေနဲ့ အံဝင်မယ့်ကစားကွက်ကို လေ့ကျင့်ထားပါတယ်။ ရန်ကုန်ယူနိုက်တက်ကလည်း ကစားသမားကောင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ အသင်းကောင်းတစ်သင်းပါ။ ဒီအဖွင့်ပွဲကတော့ ခက်ခက်ခဲခဲ ကစားရမှာဖြစ်ပြီး အမှားမများဖို့လိုပါတယ်။ အခု ပရိုအသင်းတွေထဲမှာ နိုင်ငံခြားသားတွေပါလာတာ ဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ မြန်မာကစားသမားတွေဟာ လက်ရွေးစင်ပါမှ နိုင်ငံခြားပွဲကစားရမှာ မဟုတ်တော့ဘဲ ကလပ်ပွဲတွေ ကစားရရုံနဲ့ နိုင်ငံခြားသားတွေနဲ့ ထိတွေ့ခွင့်ရနိုင်လို့ပါ။ အခုလိုပရိုပြိုင်ပွဲမှာ ကျွန်တော်တို့ဟာ ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ ယှဉ်ပြိုင်ကစားပြီး တရားသော ယှဉ်ပြိုင်ခြင်းနဲ့ ဗိုလ်စွဲအောင်ကြိုးစားသွားမှာပါ။ ရန်ကုန်ယူနိုက်တက်ပွဲမှာတော့ ရလဒ်ကောင်းဖို့လိုပါတယ်**"** ဟု ပြောကြားခဲ့ပါတယ်။

ဦးမျိုးလှိုင်ဝင်း

ရန်ကုန်ယူနိုက်တက် F.C နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက **"ကျွန်တော်တို့ ရန်ကုန်ယူနိုက်တက် F.C အသင်း ပြိုင်ပွဲဝင်ဖို့ အသင့်ဖြစ်နေပါပြီ။ အသင်းပိုင်ရှင်ရဲ့ ပံ့ပိုးမှု၊ ချီးမြှောက်မှုကလည်း အကောင်းဆုံးမှာရှိနေသလို ကစားသမားတွေရဲ့ ကြိုးပမ်းအားထုတ်မှုကိုလည်း အားရမိပါတယ်။ ကျွန်တော်တို့ ပွဲဦးထွက်ပွဲမှာ အကောင်းဆုံးယှဉ်ပြိုင်နိုင်ပြီး ရလဒ်ကောင်းတွေ ရရှိမှာပါ။ ဇေယျာရွှေမြေအသင်းဟာ အသင်းကောင်းတစ်သင်းပါ။ ဒါပေမယ့် ကျွန်တော်တို့က မြို့ခံပရိသတ်တွေရဲ့ တစ်ခဲနက်အားပေးမှုနဲ့ အနိုင်ရဖို့ ကြိုးစားသွားမှာပါ။ ပွဲဦးထွက်ပွဲမှာ အနိုင်ရခဲ့ရင် ဘောလုံးသမားတွေကို ကျပ်သိန်း ၅၀ နဲ့အထက် ချီးမြှင့်ဖို့ စီစဉ်ထားပါတယ်။ ခေါ်ယူထားတဲ့ ပြည်ပ ကစားသမားတွေကိုလည်း အသုံးပြုဖို့ အစီအစဉ်ရှိပါတယ်။ ကျွန်တော်တို့အသင်းရဲ့ ပွဲဦးထွက်မျက်နှာပန်းလှရေးဟာ ပရိသတ်တွေရဲ့ အားပေးမှုအပေါ်မှာ အရေးပါမှာဖြစ်လို့ မြို့ခံပရိသတ်တွေ ရန်ကုန်တိုင်းကိုယ်စားပြု ယှဉ်ပြိုင်မယ့် ကျွန်တော်တို့ကို တစ်ခဲနက်လာရောက်အားပေးကြပါလို့ ဖိတ်ခေါ်ပါတယ်"** ဟု ပြောကြားခဲ့ပါတယ်။

အထိမ်းအမှတ်

ရန်ကုန်ယူနိုက်တက် F.Cမှာ လာရောက်ကြည့်ရှုအားပေးကြသော မြို့ခံပရိသတ်များကို အသင်းအထိမ်းအမှတ်အင်္ကျီများ ဝေပေးသွားမည်ဖြစ်ပြီး Fan Club အဖွဲ့ဝင်ရန်အတွက်လည်း စီစဉ်ပေးသွားမှာ ဖြစ်ပါတယ်။ MNL CUP ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနဲ့ ဖျော်ဖြေရေးအစီအစဉ်များကို မွန်းလွဲ ၂ နာရီမှစ၍ သုဝဏ္ဏကွင်းမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ။ **(မြန်မာ့အလင်း)**

ပွဲဦးထွက်ယှဉ်ပြိုင်မည့် ဇေယျာရွှေမြေ F.C အသင်း။ (မြန်မာ့အလင်း)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဧရာဝတီတိုင်း တိုင်းဦးစီးမှူး ဦးသိန်းဝင်းသည် တိုင်းပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဦးစီးအရာရှိ ဦးကျော်ငြိမ်းမောင်၊ တိုင်းမော်တော်ယာဉ်တပ်ဖွဲ့ (ယာဉ်ထိန်း) တာဝန်ခံ ဒုတိယရဲမှူးဇော်ဝင်း၊ မထသဥက္ကဋ္ဌ ဦးစိုးကြိုင်၊ အတွင်းရေးမှူး ဦးခင်မောင်ရင်တို့နှင့်အတူ ပူးပေါင်း၍ မေ ၁၀ ရက်က ကင်းမလင်းကျွန်း အဝေးပြေးယာဉ်ရပ်နားစခန်းမှ ဒေသအသီးသီးသို့ ထွက်ခွာကြမည့် ခရီးသည်တင်ယာဉ်များ ကြံ့ခိုင်မှု၊ ယာဉ်မောင်း ယာဉ်နောက်လိုက် လိုင်စင်၊ မီးသတ်ဆေးဘူး၊ ဆေးလိပ်မသောက်ရ စာတန်းများ ချိတ်ဆွဲတပ်ဆင်ထားခြင်း ရှိ၊ မရှိ ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်စဉ်။ (၁၅၇)

ကျောက်ဆည် အေးမြကြည်လင်ဈေး ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ/မရှိ စစ်ဆေး

ကျောက်ဆည် မေ ၁၅

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြကြည်လင်ဈေးရှိ ငါးတန်းများအတွင်း ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် သန့်ရှင်းလတ်ဆတ်သော သား၊ ငါးများ ဝယ်ယူစားသုံးနိုင်ရေးအတွက် သား၊ ငါးများကို ယင်လုံဆန်ခါဖြင့် ရောင်းချခြင်းရှိ/မရှိကို မြေ ၃၀ရက်က ကျန်းမာရေးမှူး-၂ ဦးဇော်နိုင်နှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးဟန်ဝင်းအောင်တို့က ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လှိုင်တက္ကသိုလ်ဝင်းအတွင်း လူသတ်မှုကျူးလွန်သူ တရားခံ၏ ထပ်မံထွက်ဆိုချက်

ရန်ကုန် မေ ၁၅

၂၀၀၉ခုနှစ် မေ၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၁) ကော်လံ(၁)တွင် လူသတ်မှုကျူးလွန်သူအားချက်ချင်း ဖော်ထုတ်ဖမ်းဆီးရမိသတင်း ဖော်ပြပါရှိခဲ့သည်။

အဆိုပါအမှုမှ ပြစ်မှုကျူးလွန်သူရဲထွဋ်ဝင်းအား ထပ်မံစစ်ဆေးခဲ့ရာ ယခင်ထွက်ဆိုသကဲ့သို့ ၎င်းတို့နှစ်ဦး ဖဲရိုက်စကားများ ပါးရိုက်၍ လူသတ်မှုကျူးလွန်ခဲ့ခြင်းမဟုတ်ဘဲ ကျော်စွာဝင်းရှိရာ ဂိတ်တဲသို့ ၎င်းမှအရက်မူး၍သွားရောက်စဉ် ကျော်စွာဝင်းနှင့်စကားများခဲ့ရာမှ တဲအတွင်း အသင့်တွေ့ရှိရသော တူနှင့်ထုပြီး ဆွဲကြိုးနှင့်ငွေများ ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆို၍ အမှုကို လှိုင်ရဲစခန်းမှ ခိုင်မာစွာတည်ဆောက်ကာ တရားစွဲဆိုရန် စီစဉ်လျက်ရှိကြောင်း ထပ်မံ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

ဘောလ်ပင်ကို တီထွင်ခဲ့သူ လက်စ်ဇလိုဂျိုးဇက်ဘီရို

၁၈၉၉-၁၉၈၅

လူသားတို့အနေဖြင့် မိမိရေးသားလိုသည့်အကြောင်းအရာများ၊ တင်ပြလိုသည့် အချက်အလက်များကို ဖော်ဆောင်ရာတွင် အများက သိရှိအောင် သို့မဟုတ် မိမိသိစေချင်သည့် သက်ဆိုင်ရာပုဂ္ဂိုလ်သိရှိအောင် ယနေ့အထိ တွင်ကျယ်စွာ သုံးစွဲနေသောအရာမှာ ဘောလ်ပင် ဖြစ်သည်။

မရှိမဖြစ်လိုအပ်

လူတိုင်းပင် နေ့စဉ်စာရေးသားရာတွင် အသုံးပြုနေရသည့် ဘောလ်ပင်နှင့် ကျွမ်းဝင်ကြပေလိမ့်မည်။ ကမ္ဘာတစ်ဝန်းလုံးတွင် သိသာထင်ရှားစွာ အသုံးဝင်သော ဘောလ်ပင်တီထွင်မှုသည် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝတွင် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ သို့သော်လည်း အသုံးဝင်သောရေးသားမှုကို အကောင်အထည်ဖော်ဆောင်နိုင်သည့် ဘောလ်ပင် တီထွင်မှုသမိုင်းနှင့် ၎င်းဘောလ်ပင်ကို တီထွင်ခဲ့သူ၏ အမည်နာမကို သိသူမှာမူ နည်းပါးပေလိမ့်မည်။

အကျိုးမပြုနိုင်

လူတို့စာပေရေးသားရာတွင် အလွန်အသုံးဝင်အထောက်အကူပြုလှသော ဘောလ်ပင်ကိုတီထွင်ခဲ့သူမှာ လက်စ်ဇလိုဂျိုးဇက်ဘီရို(**အပေါ်ယာပုံ**)ဆိုသူဖြစ်သည်။ လက်စ်ဇလိုကို ၁၈၉၉ခုနှစ် စက်တင်ဘာ ၂၉ရက်တွင် ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့၌မွေးဖွားခဲ့ပြီး ဟန်ဂေရီလူမျိုးတစ်ဦးဖြစ်သည်။ လက်စ်ဇလိုသည် သူတီထွင်ခဲ့သည့် ပစ္စည်းများအနက် ဘောလ်ပင်ကို တီထွင်ခဲ့မှုကြောင့် လူသိများကာ အထင်ရှားဆုံးဖြစ်ခဲ့သည်။ သူသည် ဖို့ဒ်ကားကုမ္ပဏီအတွက် အော်တိုမက်တစ်ဂီယာဘောက်စ်ကို ဒီဇိုင်းဆွဲထုတ်လုပ်ကာ ယင်းကုမ္ပဏီသို့ပင် ရောင်းချခဲ့သည်။ သို့သော်လည်း ကံမကောင်းအကြောင်းမလှစွာပင် စီးပွားရေးအရ အောင်မြင်ခဲ့သော ယင်းတီထွင်မှုသည် သူနှင့်သူ၏အစ်ကို ဂျော့တို့၏ အကြံဉာဏ်ကောင်းများအပေါ် ငွေကြေးရင်းနှီးမြှုပ်နှံနိုင်မှုမရှိသဖြင့် သူ၏ ဘဝတစ်လျှောက်လုံးကို အကျိုးမပြုနိုင်ခဲ့ချေ။

မှတ်ပုံတင်နိုင်ခဲ့

လက်စ်ဇလိုသည် ဆေးတက္ကသိုလ်ဝင်ခွင့်ရရှိခဲ့သော်လည်း ဆရာဝန်ဘွဲ့ မရယူနိုင်ခဲ့ပေ။ ၂၀ရာစုအစောပိုင်း ကာလတစ်လျှောက်လုံး ဟန်ဂေရီ သတင်းစာ အီလော့တီတွင် စာနယ်ဇင်းသမားတစ်ယောက်အဖြစ် အလုပ်လုပ်ကိုင်ခဲ့သည်။ ထိုကဲ့သို့လုပ်ကိုင်စဉ်အတွင်း သတင်းစာထုတ်လုပ်ပုံနှိပ်ရာတွင် မင်ကိုပင် အသုံးပြုခဲ့ရသည်။ ယင်းသို့အသုံးပြုသော မင်သည် အလွန်အမင်း အခြောက်မြန်ပြီး အစွန်းအထင်းရာများ လုံးဝမကင်းသလောက်ပင် ဖြစ်သည်။ ထိုအချိန်က ဖောင်တိန်များသည် အကောင်းဆုံးရေးသားနိုင်သည့် စာရေးကိရိယာများပင်ဖြစ်သည်။ သို့သော်လည်း ဖောင်တိန်ဖြင့်ရေးသားရာတွင် ပေပွနေတတ်ပြီး အဆင်မပြေသည့်အပြင် လက်စ်ဇလိုတို့သုံးစွဲသည့် အိန္ဒိယမင်သည် မင်နှိပ်စက္ကူတစ်ခုလုံးကို အမှတ်တမဲ့ ပေပွမှုမဖြစ်အောင် သတိထားသုံးစွဲနေရသည်။ ယင်းပြဿနာများကို ကုစားနိုင်မည့် အခြောက်မြန်သော မင်အပျစ်သုံးဖောင်တိန်ကို ဖန်တီးရန် လက်စ်ဇလို၏ စိတ်ကူးထဲတွင် ပေါ်လာသည်။ သူသည် ဖောင်တိန်သဖွယ် အသုံးပြုနိုင်သည့်ပစ္စည်းနှင့် မင်အပျစ်ကို ရှာဖွေလုပ်ဆောင်ရန် ဓာတုဗေဒပညာရှင်တစ်ဦးဖြစ်သည့် ဂျော့၏အကူအညီကို ရယူခဲ့သည်။ ထို့ကြောင့် သူတို့ညီအစ်ကိုနှစ်ဦးသည် ၁၉၃၁ခုနှစ်တွင် ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့၌ကျင်းပသည့် နိုင်ငံတကာ ကုန်စည်ပြပွဲတွင် ၎င်းတို့တီထွင်သော ဖောင်တိန်သဖွယ် အသုံးပြုနိုင်သော

လူတို့ စာပေရေးသားရာတွင် အလွန်အသုံးဝင် အထောက်အကူပြုလှသော ဘောလ်ပင်ကို တီထွင်ခဲ့သူမှာ လက်စ်ဇလိုဂျိုးဇက်ဘီရို ဆိုသူဖြစ်၊ လက်စ်ဇလိုကို ၁၈၉၉ခုနှစ် စက်တင်ဘာ ၂၉ရက်တွင် ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့၌မွေးဖွားခဲ့ပြီး ဟန်ဂေရီလူမျိုးတစ်ဦးဖြစ်။

ပစ္စည်းအသစ်ဖြစ်ကာ နောင်တွင် ဘောလ်ပင်ဟု အမည်တွင်လာမည့်ပစ္စည်းကို ထုတ်လုပ်ပြသနိုင်ခဲ့ပြီး ၁၉၃၈ခုနှစ်တွင် ပါရီမြို့၌ ၎င်းတို့တီထွင်ခဲ့သည့် ဘောလ်ပင်ကို မှတ်ပုံတင်နိုင်ခဲ့သည်။

ပြေလည်စေခဲ့

လက်စ်ဇလိုသည် ယင်းဘောလ်ပင်ကိုတီထွင်ရန် ကြံဆရင်းမှ သတင်းစာပုံနှိပ်စက္ကူပေါ်တွင်အသုံးပြုသော လျင်မြန်စွာ ခြောက်သွေ့စေပြီး စက္ကူကိုလည်း အစွန်းအထင်းများ ကျန်ရစ်စေခဲ့သည့်မင်နှင့် အလားတူပြီး ယင်းကဲ့သို့ မဖြစ်ပွားစေသည့် မင်အပျစ်တစ်မျိုးကို အစ်ကိုဖြစ်သူ ဂျော့၏ အကူအညီဖြင့် ရှာဖွေထုတ်လုပ်နိုင်ခဲ့သည်။ သို့သော်လည်း ယင်းမင်အပျစ်သည် စေးပျစ်သောကြောင့် မင်ကျဲကဲ့သို့ ဖောင်တိန်နှစ်အတွင်းသို့ အလွယ်တကူ စီးဝင်ခြင်း မရှိချေ။ ထို့ကြောင့် ဂျော့၏အကူအညီဖြင့်ပင် နှစ်အစား ထိပ်ဖျားတွင် ဘောလုံးကဲ့သို့ လုံးဝန်းသောသတ္တုလုံးအသေးစားကို ထိပ်တွင်တပ်ကာ ယင်းသတ္တုဘောလုံး အသေးစားလေးတပ်ဆင်ထားသည့် သတ္တုဆော့ကက်ကို မင်အပျစ်ထည့်ထားသည့်မင်ချောင်းတွင် တပ်ဆင်လိုက်သောအခါ စေးပျစ်သော မင်များသည် ယင်းသတ္တုလုံးမှတစ်ဆင့် အဆက်မပြတ် လည်ပတ်စီးဆင်းကာ အထက်ကဆိုခဲ့ပြီးသော အခက်အခဲများကို ပြေလည်စေခဲ့သည်။

အစားထိုး

လက်စ်ဇလိုသည် ဘောလ်ပင်တီထွင်မှု၏အကျိုးဆက်ကို ဒုတိယကမ္ဘာစစ်တွင် ပြည့်ဝစွာခံစားခဲ့ရသည်။ အကြောင်းမှာ ဗြိတိန်တော်ဝင်လေတပ်၏ လေယာဉ်အဖွဲ့မှ ဝန်ထမ်းများသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်းများစွာမြင့်မားသည့် ဝေဟင်တွင် မင်ကျဲသုံး နစ်သွားပါဖောင်တိန်များကို သုံးသည့်အခါ မင်များယိုစိမ့်မှုဖြစ်ပေါ်ခဲ့ကြရာ ၎င်းဖောင်တိန်များ၏ နေရာ၌ လက်စ်ဇလို၏ဘောလ်ပင်များက အစားထိုးနေရာယူလာသောကြောင့် ဖြစ်သည်။ သူသည် ဗြိတိန်တော်ဝင်လေတပ်အတွက် အသုံးပြုသော ဘောလ်ပင်ဒီဇိုင်းအသစ်ကို ဗြိတိန်တွင် မှတ်ပုံတင်ခဲ့သည်။

အဓိကထုတ်လုပ်

ဒုတိယကမ္ဘာစစ်ဖြစ်လာသောအခါ လက်စ်ဇလိုနှင့် ဂျော့တို့ညီအစ်ကိုနှစ်ဦးသည် စစ်ဘေးကိုရှောင်တိမ်းရင်း ၁၉၄၃ခုနှစ်တွင် အာဂျင်တီးနားသို့ ပြောင်းရွှေ့ခဲ့ပြီး ယင်းနှစ် ဇွန်လ ၁၀ရက်၌ အဆိုပါနိုင်ငံတွင် ဘောလ်ပင်မှတ်ပုံတင်ခဲ့သည်။ ၁၉၅၀ပြည့်နှစ်တွင် မာဆယ်လ်ဘစ်ချ်သည် လက်စ်ဇလိုထံမှ ဘောလ်ပင်မူပိုင်ခွင့်မှတ်ပုံတင်ထားမှုကို ဝယ်ယူခဲ့ပြီးမကြာမီမှာပင် ယင်းဘောလ်ပင်များသည် ၎င်း၏ဘီအိုင်စီကုမ္ပဏီမှ အဓိကထုတ်လုပ်သည့် ဘီအိုင်စီဘောလ်ပင်များ ဖြစ်လာတော့သည်။

ကွယ်လွန်

လက်စ်ဇလိုသည် တီထွင်မှုလုပ်ငန်းများကို လုပ်ကိုင်ရင်း ၁၉၈၅ခုနှစ် အောက်တိုဘာ ၂၄ရက်တွင် အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေရီမြို့၌ ကွယ်လွန်ခဲ့သည်။ လက်စ်ဇလိုဂျိုးဇက်ဘီရိုအား ဂုဏ်ပြုသောအားဖြင့် ၎င်း၏မွေးနေ့ဖြစ်သည့် စက်တင်ဘာလ ၂၉ရက်ကို အာဂျင်တီးနားနိုင်ငံ၏ တီထွင်သူများနေ့အဖြစ် နှစ်စဉ်ဂုဏ်ပြု ကျင်းပလျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။ ။

ကိုးကား-အင်တာနက် **ချစ်စိုးနိုင်ရေးသားသည်**

ဘဝအမောပြေ ဒါကြောင့်ပါ....

စိတ်ရောဂါဆေးရုံ ခေါင်မိုးပေါ်သို့ လူနာတစ်ဦးတက်သွားပြီး ခုန်ချရန် ကြိုးစားနေရာ ဆရာဝန်က အော်ဟစ်တားဆီးလေသည်။

ဆရာဝန် ။ ။ ဟေ့လူ... အောက်ကိုပြန်ဆင်းခဲ့ပါ။

လူနာ ။ ။ မဆင်းဘူး။

ဆရာဝန် ။ ။ ခုန်မချလိုက်နဲ့နော်။

လူနာ ။ ။ မတားနဲ့။

ဆရာဝန် ။ ။ ကျွန်တော်တက်လာမှာနော်။

လူနာ ။ ။ ဒါဆို အခု ခုန်ချလိုက်မယ်။

ဆရာဝန် ။ ။ သေသေချာချာစဉ်းစားပါဦး။

ထိုအချိန်တွင် အနီးတွင်ဝိုင်းအုံကြည့်နေသော စိတ်ဝေဒနာရှင်များအနက် လူနာတစ်ဦးက ''ကဲ...ငါတက်လာပြီဟေ့'' ဟုဆိုပြီး တက်လာရာ ခုန်ချမည့်ဟန်ပြင်နေသော လူနာကအောက်သို့အမြန်ပြန်ဆင်းလာလေသည်။ အောက်သို့ရောက်သောအခါ ဆရာဝန်က မေးလေသည်-

ဆရာဝန် ။ ။ ကျွန်တော် တက်လာမယ်ပြောတုန်းက မဆင်းဘူး ငြင်းနေတာဟာ ဒီလူ တက်လာမယ်လို့လည်း ပြောရော ခင်ဗျားချက်ချင်း ပြန်ဆင်းလာတယ်။

လူနာ ။ ။ သူက စိတ်မူမမှန်ဘူးဆရာ။ ခေါင်မိုးပေါ်တက်လာပြီး ကျွန်တော့်ကို တွန်းချမှာ။ ဆရာက သူ့လို ဘယ်လုပ်မလဲ။

ဆရာဝန် ။ ။ **'ဗျာ'**

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘဝဒဿန

■ ***Deliberate with caution, but act with decision and promptness.***

❐ *သတိတရားဖြင့် စဉ်းစားချင့်ချိန်သုံးသပ်ပါ။ သို့သော်လည်း ဆုံးဖြတ်ချက်နှင့် လျင်မြန်မှုတို့ဖြင့် ဆောင်ရွက်ပါ။*

ကာလက်ဘ်စီကယ်လ်တန်
(အင်္ဂလိပ်လူမျိုး ဘုန်းတော်ကြီး)။

လှုပ်လှုပ်ရှားရှား နိုင်ငံတကာ သတင်းဓာတ်ပုံများ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ခရီးသည် ၄၇ဦးတင်ဆောင်လာသော အမေရိကန်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် အမေရိကန်နိုင်ငံ နယူးအော်လင်းမြို့မှ ဟူစတန်မြို့သို့ မေ ၁၂ရက်က ပျံသန်းလာစဉ် အင်ဂျင်မီးလောင်မှုဖြစ်ပွားပြီး ဟူစတန်မြို့လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသည့်ဖြစ်ရပ်ကို သတင်းဓာတ်ပုံအဖြစ် ဖော်ပြထားသည်မှာ.... (အင်တာနက်ဓာတ်ပုံ)

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မြောက်ပိုင်း ဗာလင်ဇွဲလာမြို့တွင် မေ ၁၂ရက်က အမျိုးသမီးတစ်ဦး ပါးစပ်အတွင်းမှ မီးတောက်မီးလျှံများကို မှုတ်ထုတ်ပြနေသည့်မြင်ကွင်းအား သတင်းဓာတ်ပုံ ရိုက်ကူးထားမှုကို ဤသို့မြင်တွေ့ရသည်။ **(အင်တာနက်ဓာတ်ပုံ)**

အယ်လ်ဘေးနီးယားနိုင်ငံ တီရာနာမြို့မှ ၉၄မိုင်ခန့်အကွာ ဗီလိုရီမြို့ပေါ်သို့ မိုင်ပေါင်းများစွာအမြင့်မှ လေထီးအလွတ်ခုန် ဆင်းလာသူနှစ်ဦးအား ဗီလိုရီမြို့အနီးအရောက် လေထီးဖွင့်ပြီးခါစအချိန် ရိုက်ကူးထားသည့် သတင်းဓာတ်ပုံကလည်း ဤသို့ပီပြင်စွာ.... (အင်တာနက်ဓာတ်ပုံ)



နိုင်ငံတကာအာကာသယာဉ်စခန်းရှိ ဟူဘယ်အာကာသအဏုကြည့်မှန်ပြောင်းကို ပြန်လည်ပြင်ဆင်မှုပြုလုပ်ရန် နာဆာမှလွှတ်တင်လိုက်သော အတ္တလန်တစ် အာကာသလွန်းပြန်ယာဉ်မှ အနီးကပ်ဆုံး ရိုက်ကူးထားသော ဟူဘယ်အာကာသ အဏုကြည့်မှန်ပြောင်းဓာတ်ပုံကလည်း စိတ်ဝင်စားဖွယ်....
(အင်တာနက်ဓာတ်ပုံ)

သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ခြင်းကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ သိသာစွာဖွံ့ဖြိုးတိုးတက်လာ ယနေ့ဆိုလျှင် ပြည်တွင်းရိက္ခာ ဖူလုံရုံသာမက ပြည်ပဆန်တင်ပို့မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးမြှင့်နိုင်

နိုင်ငံတော်အစိုးရ၊ တောင်သူနှင့် ကုန်သည်လုပ်ငန်းရှင်များ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှုသာ ယနေ့ရရှိနေသော လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို ဆက်လက်မြှင့်တင်နိုင်မည်

နေပြည်တော် မေ ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဗဟိုဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ ပုဂ္ဂလိကဘဏ်များနှင့် ဦးဆောင်ကုမ္ပဏီများမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ကိုယ်စားလှယ်များ၊ ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ■

KNU အဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိ စောစိန်မောင်ဌေး ဦးစီး စုစုပေါင်းအင်အား ၃၇ ဦး၊ လက်နက် ၁၀ လက်၊ ခဲယမ်းမျိုးစုံနှင့်အတူ

ထို့ကော်ကိုးကျေးရွာသို့ ထပ်မံလာရောက်ပူးပေါင်း

ရန်ကုန် မေ ၁၅

နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာအောင် စိတ်ကောင်းစေတနာကောင်းဖြင့် လက်ကမ်းကြိုဆိုလျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် စာနာမှု၊ နားလည်မှုဖြင့် စောင့်ရှောက်ပေးလျက်ရှိသည်။ *စာမျက်နှာ ၁၀ ကော်လံ ၅* ●

ထူးခြားသည့် နေ့အပူချိန် (၁၅-၅-၂၀၀၉)

မြင်းခြံ	၄၂ ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၂ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၂ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန် (၁၅-၅-၂၀၀၉)

တံတားဦး	၃ ဒသမ ၂၃ လက်မ
ရွှေဘို	၂ ဒသမ ၁၃ လက်မ
ပြင်ဦးလွင်	၂ ဒသမ ၁၃ လက်မ
ကန့်ဘလူ	၂ ဒသမ ဝ၈ လက်မ

လှိုက်လှိုက်လှဲလှဲ ကြိုဆို

နိုင်ငံတော် အစိုးရ၏ စေတနာကိုနားလည်ယုံကြည်လာသဖြင့် KNU အဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိ စောစိန်မောင်ဌေး ဦးစီး စုစုပေါင်းအင်အား ၃၇ ဦးတို့ လက်နက်ငယ် ၁၀ လက်၊ ခဲယမ်းမျိုးစုံတို့နှင့်အတူ KNU/KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့ရှိရာ ထို့ကော်ကိုးကျေးရွာသို့ ထပ်မံလာရောက်ပူးပေါင်းရာ စောနေစိုးမြ ဦးစီးတပ်ဖွဲ့ဝင်မိသားစုများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြစဉ်။ (သတင်းစဉ်)

16-5 (20).pmd 1 5/16/2009, 3:03 AM